# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၃၅၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်သူများခရီးသွားလာမှု အဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ရန်ကုန်-သာစည်၊ သာစည်-ရန်ကုန် လူစီးအမြန်ရထားပြေးဆွဲလျက်ရှိ




**နေပြည်တော် စက်တင်ဘာ ၂၃**

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ရထားလမ်းတာပေါင်နေရာများနှင့် တံတားများ ရေတိုက်စား၍ ပျက်စီးခဲ့မှုများကြောင့် ယာယီရပ်တန့်ထားရသည့် ရန်ကုန်-မန္တလေး ပြေးဆွဲပေးနေသော အမှတ်(၁၁)အဆန်၊ (၁၂)အစုန်အမြန်ရထားခရီးစဉ်ကို လမ်းပိုင်းပြုပြင်ပြီးသည့် အခြေအနေအရ ရန်ကုန်-သာစည်၊ သာစည် - ရန်ကုန် ခရီးစဉ်အဖြစ် စက်တင်ဘာ ၂၁ ရက်နေ့မှစ၍ စတင်ပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားနှင့် ကုန်ရထားများ ပြေးဆွဲပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ ရန်ကုန်-သာစည် အမှတ်(၁၁)အဆန် လူစီးအမြန်ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၅ နာရီတွင် ထွက်ခွာ၍ သာစည်ဘူတာသို့ ည ၈ နာရီခွဲတွင်ဆိုက်ရောက်ပြီး သာစည်-ရန်ကုန် အမှတ် (၁၂) အစုန် လူစီးအမြန်ရထားသည်လည်း သာစည်ဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ည ၉ နာရီခွဲတွင် ရောက်ရှိပြေးဆွဲပေးလျက်ရှိသည်။

*စာမျက်နှာ ၄ ကော်လံ ၁ ❍*

# လေဖိအားနည်းဆဲလ်၏အရှိန်နှင့် မုတ်သုံလေ အားကောင်းနေခြင်းကြောင့် နေရာကွက်၍ မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၃**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းဆဲလ်သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းဆဲလ်၏အရှိန်ကြောင့် လည်းကောင်း၊ မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညမှ ၂၅-၉-၂၀၂၄ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး

*စာမျက်နှာ ၄ ကော်လံ ၄ ✻*


**ယနေ့ ဖတ်စရာ**

သီရိလင်္ကာနိုင်ငံ၏ နဝမမြောက်သမ္မတသစ်အဖြစ် ဒစ္စနာယာကီ ကျမ်းသစ္စာကျိန်ဆို — နိုင်ငံတကာသတင်း — စာ ၁၃

အထက်မင်းလှမြို့နယ်၏ ပဲတီစိမ်းစိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက် — စီးပွားရေးသတင်းများ — စာ ၁၄

ဂျပန်နိုင်ငံ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌသစ် ရွေးချယ်ပွဲ — ဆောင်းပါး — စာ ၁၆


ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၆ ရက်သာ လိုတော့သည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

**ဟိုပုံး စက်တင်ဘာ ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းအုပ်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စံဖူးကျေးရွာဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။

ဦးစွာ ဟိုပုံးမြို့ နောင်တောင်းပရဟိတတပ်ဦးကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တရာဇိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြကာ ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားရာ နေရပ်ဒေသအသီးသီး၌ အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေး၊ စက်ယန္တရားများနှင့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သောက်သုံးရေရရှိရေး၊ ကျောင်းများပြန်လည်ဖွင့်လှစ်ကာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးကြရန်နှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် အခက်အခဲများ ရှိနိုင်သောကြောင့် အားလုံးကပါဝင်ပူးပေါင်းဆောင်ရွက်ကြိုးစားပေးကြရန် ပြောကြားသည်။ **(အောက်ပုံ)**

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားသည်။

ဆက်လက်၍ မဲနယ်တောင်ဒေသ ထီတခူး-နောင်ဒေးအုပ်စု၊ လွယ်မောဒေသ လွိုင်လင်မြို့နယ် ခေါင်းနွဲ့-အင်းတော်ဒေသအတွက် ငွေကျပ်သိန်း ၁၅၀ စီနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ပေးအပ်လှူဒါန်းရာ ဟိုပုံးမြို့ နောင်တောင်းပရဟိတ တပ်ဦးကျောင်းတိုက်ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တရာဇိန္ဒနှင့် ရေဘေးသင့်ပြည်သူများကလည်းကောင်း **(အပေါ်ယာပုံ)**၊ ဦးဇော်ဝင်း-ဒေါ်နွေးနွေးဝင်း မိသားစု၏ အလှူငွေကျပ်သိန်း ၃၀ ကို တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းအုပ်ကြီးက ပေးအပ်လှူဒါန်းပေးရာ



လည်းခလဆရာတော်ကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး စံဖူးဘုန်းကြီးကျောင်းတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စုတွင် စက်တင်ဘာ ၁၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာ ၃၀၊ အိမ်ခြေ ၁၀၉၂ အိမ်၊ အိမ်ထောင်စု ၁၀၉၅ စု၊ လူဦးရေ ၄၄၉၇ ဦးရှိသည့်အနက် နေအိမ်ပျက်စီးမှု ၁၀၀ ရာခိုင်နှုန်း ၂၆၁ အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီး ၃၃၆ အိမ်၊ လူသေဆုံး ၂၆ ဦးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများသည် ဟန်လွဲဘုန်းတော်ကြီးကျောင်းတွင် ကုန်းကျိုင်းကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အားပေးစကားပြောကြားကြကာ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၅၀ နှင့် စားသောက်ဖွယ်ရာပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် PNOပါတီ အထွေထွေအတွင်းရေးမှူး ဦးခွန်သိန်းဖေက ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပအိုဝ်းကိုယ် ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးခွန်ရဲထွေးနှင့် ရေဘေးသင့်ပြည်သူများက လက်ခံရယူကြ၍ ကလေးသူငယ်များကို စားစရာမုန့်များ ဝေငှပေးပြီး ရေကြီးမှုဖြစ်ပွားခဲ့သည့် နမ့်တဘက်ချောင်းကို ကြည့်ရှုကြသည်။

သဘာဝဘေးဒဏ်ကြောင့် ပုံးအင်းဒေသ ကုန်းကျိုင်းကျေးရွာအုပ်စုတွင် အိမ်ခြေ ၆၈၄ အိမ်၊ အိမ်ထောင်စု ၆၉၁ စု၊ လူဦးရေ၃၆၁၇ ဦးရှိသည့်အနက် ဘေးသင့်ကျေးရွာ ငါးရွာ၊ အိမ်ခြေ ၁၄၀၊ အိမ်ထောင်စု ၁၄၀၊ လူဦးရေ ၅၇၀ ၊ နေအိမ်ပျက်စီးမှု ၁၀၀ ရာခိုင်နှုန်း ၂၃ အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီး ၃၄ အိမ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိနိုင်ငံတကာအခင်းအကျင်းများ၊ နိုင်ငံတကာ လတ်တလောဖြစ်ပေါ်တိုးတက်မှုများ၊ ပြည်တွင်းနိုင်ငံရေးအခြေအနေနှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၏ ဦးစားပေးဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအမှာစကား ပြောကြားသည်။ (ယာပုံ)

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတကာနှင့် ပြည်တွင်းရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ အသိပညာရှင်များရှုထောင့်မှ ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံတကာ၊ ဒေသတွင်းနှင့် ပြည်တွင်း ဖြစ်ပေါ်တိုးတက်မှုများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းအမှတ်စဉ်(၅/၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းအမှတ်စဉ် (၅/၂၀၂၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အဦ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကို ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် အသုံးပြုရန် စီစဉ်ဆောင်ရွက်ရခြင်းမှာ မဲမသမာမှုများမဖြစ်ပွားစေရေး အဓိကဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားရခြင်းကို လေ့လာသုံးသပ်ပါက မဲစာရင်းများ ဖောင်းပွခြင်း၊ မဲလက်မှတ်များ ပိုမိုရိုက်နှိပ်ဖြန့်ဝေခြင်းနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲရုံများတွင် ဥပဒေနှင့်မညီသော မဲပေးခြင်း စသည့်အချက် သုံးချက်ကို တွေ့ရှိရကြောင်း၊ ကော်မရှင်အနေဖြင့် တွေ့ရှိချက်များကို လေ့လာသုံးသပ်ပြီး မဲမသမာမှုမဖြစ်စေရန် မဲပေးသည့်စနစ်များကို MEVM စက်အပါအဝင် ကွန်ပျူတာ Software များဖြင့် ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ မဲစာရင်းပြုစုရာတွင် Admin DEO Software များဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများအလိုက် ပြုစုပြီး CVLMS Software ဖြင့် ဥပဒေနှင့်မညီညွတ်သူများ၊ မဲစာရင်းတွင် နှစ်ကြိမ်၊ သုံးကြိမ်ပါဝင်သူများ မပါရှိစေရေး စိစစ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ MEVM စက်အသုံးပြု၍ မဲပေးခြင်းဖြင့် မဲလက်မှတ်များ ရိုက်နှိပ်ဖြန့်ဝေခြင်းမရှိတော့သည့်အတွက် မဲမသမာမှုများမဖြစ်နိုင်ကြောင်း၊ သို့ဖြစ်၍ ထိုစနစ် နှစ်ခုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုမဲရုံများတွင် ဥပဒေနှင့်မညီညွတ်သော မဲပေးမှုများ မဖြစ်ပွားစေရေးအတွက် အားနည်းခဲ့သည့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



သင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ သင်ကြားပြသပေးမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဦးအောင်စောဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသား ၂၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❍ *ရှေ့ဖုံးမှ*

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်း ရန်ကုန် - သာစည်ခရီးစဉ် လူစီးရထားများဖြင့် ပြေးဆွဲပေးနေမှုအပေါ် ခရီးသည်စီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားတွဲဆိုင်းများ ပိုမိုချိတ်ဆက်ခြင်း၊ ရထားစင်းရေ တိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ဝမ်းတွင်းမြို့နယ် သဲတောနှင့်သပြေတောင်ကြား ရထားလမ်းတာပေါင်နှင့် တံတားများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိပြီး ပြုပြင်ပြီးပါက ရန်ကုန်-မန္တလေးရထားခရီးစဉ်များကို ပုံမှန်အတိုင်းပြေးဆွဲပေးသွားနိုင်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။


**သတင်းစဉ်**

❊ *ရှေ့ဖုံးမှ*

ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၆/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

နိုင်ငံခြားရေး ဝန်ကြီးဌာနက ဖွင့်လှစ်မည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၄၆/၂၀၂၄) နေပြည်တော်တန်းခွဲနှင့် ရန်ကုန်တန်းခွဲ တို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်ရှိ လောကနတ်ခန်းမနှင့် ရန်ကုန်ရှိ ဝန်ဇင်းမင်းရာဇာခန်းမ တို့၌ တစ်ပြိုင်တည်းကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရန်ကုန်မြို့၌ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ တက္ကသိုလ်များမှ ပါမောက္ခ ဆရာကြီး ဆရာမကြီးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**၂၀၀ ခန့် တက်ရောက်**

အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၆/၂၀၂၄) ကို နိုင်ငံခြားရေး ဝန်ကြီးဌာန (နေပြည်တော်) နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်) တို့တွင် တန်းခွဲနှစ်ခုဖြင့် စက်တင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ ရုံးဖွင့်ရက်များတွင် နံနက် ၇ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂလိကနယ်ပယ်များမှ နိုင်ငံတကာ ဆက်ဆံရေးနှင့် သံတမန်ရေးရာဘာသာရပ်များကို စိတ်ပါဝင်စားသူ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၄၆/၂၀၂၄)မှ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အဆိုပါ သင်တန်းတွင် သံတမန်ရေးရာဘာသာရပ်များ၊ နိုင်ငံတကာရေးရာများ၊ နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်များ၊ နိုင်ငံတကာဥပဒေဘာသာရပ်များ၊ နိုင်ငံရေးဘောဂဗေဒနှင့် အထွေထွေဗဟုသုတဆိုင်ရာများ စသည့်ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ သဘာဝဘေးကြောင့်ပျက်စီးခဲ့သည့် လမ်း၊ တံတားများပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရေလွှမ်းမိုးမှုကြောင့် ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သည့် ဇေယျာသီရိမြို့နယ်ရှိ ပင်လောင်းလမ်းဆုံနှင့် အေးမြင့်သာယာတံတားအကြားတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ယာဉ်ယန္တရားများဖြင့် ပြန်လည်ပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။



ဆက်လက်၍ ဇေယျာသီရိမြို့နယ်ရှိ ရှားစေးဖိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းများတွင် ရေဝင်ရောက်ပြီး တင်ကျန်နေသည့် နုန်းများ၊ သစ်ကိုင်းများနှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှု ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရှားစေးဖိုလျှပ်စစ်ရေတင်စက်ရုံအတွင်း ရေများဝင်ရောက်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ကျေးရွာအုပ်စု ဆင်တဲကြီးကျေးရွာရှိ သာသနာ့ဝိသောဓနီကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ခေမာဝံသအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါကျောင်းတိုက်အတွင်း ရေကြီးရေလျှံမှုကြောင့် တင်ကျန်နေသည့် နုန်း၊ ဒိုက်နှင့်အမှိုက်များ ရှင်းလင်းဖယ်ရှားရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ပင်သောင်းကျေးရွာအုပ်စု သစ်ကိုးပင်ကျေးရွာ သစ်ကိုးပင်ကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး စကားပြောကြားပြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိလာသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ရေသန့်၊ ခေါက်ဆွဲခြောက်၊ ငါးခြောက်၊ ကုလားပဲနှင့် ထမင်းဘူးများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် သစ်ကိုးပင်ကျေးရွာအတွင်း ရေဝင်ရောက်ခဲ့မှု အခြေအနေနှင့် သစ်ကိုးပင်ကျေးရွာနှင့် အင်တိုင်းသာ ကျေးရွာချင်းဆက်လမ်း ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကိုလည်းကောင်း၊ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန် အမှတ်(၃) ကန်ဘေးပတ်လည်ရှိ မြေထိန်းနံရံ ကျွံကျပျက်စီးမှု အခြေအနေကိုလည်းကောင်း၊ ရေလွှမ်းမိုးမှုကြောင့် ဇေယျာသီရိမြို့နယ် ဆင်သေချောင်းတံတား (ပုပ္ပားကုန်း)၏ တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းပျက်စီးမှုအပေါ် ယာယီသံပေါင်ဘေလီတံတား တည်ဆောက်ပြီးစီးမှု၊ ပြိုကျပျက်စီးနေသည့် မြေထိန်းနံရံများ ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ပြိုကျပျက်စီးနေသည့် ဒိုးပင်ခုံတံတားချဉ်းကပ်လမ်း ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး(ဝဲပုံ) ပြန်လည်ပြင်ဆင်နိုင်ရေး လိုအပ်သည်များကို မှာကြားသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နေပြည်တော် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝဘေးနှင့်ပတ်သက်၍ လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ အသိပေးနှိုးဆော်ချက်

**ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-**

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

( ခ ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

( ဂ ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင် သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

( င ) ကယ်ဆယ်ရေးနှင့် အရေးပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

( စ ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

( ဇ ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

## စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေ

**နေပြည်တော် စက်တင်ဘာ ၂၃**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ကျင်းပသည့် စီးပွားရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ဆွေးနွေး




**နေပြည်တော် စက်တင်ဘာ ၂၃**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ (၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် တစ်ဆက်တစ်စပ်တည်းကျင်းပသော အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပြုလုပ်သည့် စီးပွားရေးဝန်ကြီးများအစည်းအဝေးများသို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အကြိမ် (၂၀)မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အီးယူကုန်သွယ်ရေးကော်မရှင်နာ အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး အာဆီယံ - အီးယူစီးပွားရေးကောင်စီက တင်ပြသည့်ဆောင်ရွက်မှုများနှင့် အကြံပြုချက်များ၊ အာဆီယံနှင့် အီးယူတို့အကြား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များနှင့် အာဆီယံ - အီးယူ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအစီအစဉ် (၂၀၂၄ - ၂၀၂၅) အကောင်အထည်ဖော်မှုများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

## အမြင်ချင်းဖလှယ်ဆွေးနွေး

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ (၁၃) ကြိမ်မြောက် အာဆီယံ-ရုရှားစီးပွားရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး အာဆီယံ-ရုရှားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးလမ်းပြမြေပုံကိုအကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းအစီအစဉ် ၂၀၂၁-၂၀၂၅ ၏ ဆောင်ရွက်မှုများနှင့် အာဆီယံနှင့် ယူရေးရှားစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တတိယအကြိမ်မြောက် အာဆီယံ - ဆွစ်ဇာလန် စီးပွားရေးဝန်ကြီးများအစည်းအဝေးသို့တက်ရောက်၍အာဆီယံ-ဥရောပ လွတ်လပ်သောကုန်သွယ်မှုအဖွဲ့ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက်ကိုအတည်ပြုခဲ့ပြီး အာဆီယံ - ဆွစ်ဇာလန်ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေး ၂၀၂၂-၂၀၂၆ အစီအစဉ် အကောင်အထည်ဖော်မှုများအပေါ် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည်(၄)ကြိမ်မြောက် အာဆီယံ - ယူကေစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ အာဆီယံနှင့် ဗြိတိန်နိုင်ငံတို့အကြား ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မှတ်တမ်းတင်ခဲ့ပြီး အာဆီယံ - ဗြိတိန်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ၂၀၂၄ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ အကောင်အထည်ဖော်မည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

စက်တင်ဘာလ ၂၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၈)ကြိမ်မြောက် အာဆီယံ-ဟောင်ကောင် (တရုတ်) စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်၍ အခြားစီးပွားရေးဝန်ကြီးများနှင့်အတူ အာဆီယံ - ဟောင်ကောင် (တရုတ်) ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၏ လုပ်ငန်းအစီအစဉ်နှင့် အာဆီယံ - ဟောင်ကောင်(တရုတ်) လွတ်လပ်သောကုန်သွယ်မှု ဒေသအကောင်အထည်ဖော်မှုအရ ပံ့ပိုးပေးလျက်ရှိသည့် စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ အာဆီယံနှင့် အမေရိကန်စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ အာဆီယံ - အမေရိကန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင်အစီအစဉ်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးချဲ့အစီအစဉ် ၂၀၂၃-၂၀၂၄ ၏ အကောင်အထည်ဖော်မှုများအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အာဆီယံ - အမေရိကန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင်အစီအစဉ်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးချဲ့အစီအစဉ် ၂၀၂၄-၂၀၂၅ ကို အတည်ပြုခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ (၁၃) ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်၍ ကနေဒါ-အာဆီယံ စီးပွားရေးကောင်စီက တင်ပြသည့် အာဆီယံနှင့် ကနေဒါအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရန် အာဆီယံနိုင်ငံများသို့ စီးပွားရေးအဖွဲ့များ သွားရောက်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံ - ကနေဒါကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်သည့်လုပ်ငန်းအစီအစဉ် ၂၀၂၁-၂၀၂၅ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အာဆီယံ-ကနေဒါလွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် ညှိနှိုင်းမှုများအတွက် နည်းပညာပံ့ပိုးမှုအစီအစဉ်များနှင့် အာဆီယံ - ကနေဒါ လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် ညှိနှိုင်းမှုအခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၂၁) ကြိမ်မြောက် အာဆီယံ - အိန္ဒိယစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး အာဆီယံ-အိန္ဒိယ စီးပွားရေးကောင်စီက တင်ပြမည့်ကိစ္စရပ်များနှင့် အကြံပြုချက်များ၊ အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် ပြန်လည်သုံးသပ်မည့်အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

## စီးပွားရေးအမြင်များကိုမှတ်တမ်းတင်

စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၂၉) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အာဆီယံ-ဩစတြေးလျ စီးပွားရေးကောင်စီနှင့် အာဆီယံ-နယူးဇီလန် စီးပွားရေးကောင်စီတို့၏ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးအမြင်များကို မှတ်တမ်းတင်ခဲ့သည်။

ထို့ပြင် ဝန်ကြီးများက အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ်အသက်ဝင်ရေး ဆောင်ရွက်မှုများ၊ အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်ခြင်းဆိုင်ရာ အထောက်အကူပြု အစီအစဉ် အကောင်အထည်ဖော်မှုနှင့် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်ပေါင်းစည်းရေးဖိုရမ် ၂၀၂၄ ၏ ရလဒ်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ အကြိမ် (၃၀)မြောက် အာဆီယံ - ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်၍ အာဆီယံ - ဂျပန် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အကောင်အထည်ဖော်မှုများ၊ အာဆီယံ-ဂျပန်တီထွင်ဆန်းသစ်မှုနှင့် ရေရှည်တည်တံ့သော စီးပွားရေးမိတ်ဖက်ထူထောင်ရေးဆိုင်ရာ အနာဂတ် လုပ်ငန်းအစီအစဉ်၂၀၂၃-၂၀၃၃ အကောင်အထည်ဖော်မှုများနှင့် ဂျပန်နိုင်ငံ၏ အာဆီယံဆိုင်ရာ စီးပွားရေးနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တင်ပြသည့် အကြံပြုချက်များအပေါ် ဆွေးနွေးညှိနှိုင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၁၂) ကြိမ်မြောက် အရှေ့အာရှစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်၍ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစိန်ခေါ်မှုများ၏ အကျိုးသက်ရောက်မှုများကို လျော့ပါးစေရန် အရှေ့အာရှ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

## ဆွေးနွေးညှိနှိုင်းခဲ့

စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ (၂၃) ကြိမ်မြောက် အာဆီယံ - တရုတ် စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ အာဆီယံ - တရုတ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် (၃.၀) အဆင့်မြှင့်တင်ခြင်းညှိနှိုင်းမှု၊ အာဆီယံ - တရုတ် ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်နှင့် အာဆီယံ - တရုတ် အီလက်ထရောနစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကနဦးအကောင်အထည်ဖော်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ (၂၁)ကြိမ်မြောက် အာဆီယံ - ကိုရီးယားစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်၍ အာဆီယံ - ကိုရီးယား လွတ်လပ်သောကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုအရ အဆင့်မြှင့်တင်ရေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် အာဆီယံ - ကိုရီးယား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ (၂၇) ကြိမ်မြောက် အာဆီယံ - အပေါင်းသုံး (တရုတ်၊ ဂျပန်၊ ကိုရီးယား) စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ အရှေ့အာရှစီးပွားရေးကောင်စီမှ တင်ပြသည့်ကိစ္စရပ်များနှင့် အကြံပြုချက်များ၊ အာဆီယံအပေါင်းသုံး စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် ၂၀၂၃-၂၀၂၄ အကောင်အထည်ဖော်မှုနှင့် အာဆီယံအပေါင်းသုံးနိုင်ငံများရှိ စက်မှုနှင့် ထုတ်လုပ်မှု ကွင်းဆက်ပူးပေါင်းဆောင်ရွက်မှုများကို မှတ်တမ်းတင်ခဲ့ပြီး အာဆီယံအပေါင်းသုံး စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် ၂၀၂၅-၂၀၂၆ ကို အတည်ပြုခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တတိယအကြိမ် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများကို ဖလှယ်ဆွေးနွေးခဲ့ပြီး ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအထောက်အကူပြုယူနစ်ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် ဖွဲ့စည်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

## ပါဝင်တက်ရောက်

အဆိုပါအစည်းအဝေးများတွင် လာအိုနိုင်ငံ စက်မှုနှင့် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Malaithong Kommasith က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ ဩစတြေးလျ၊ နယူးဇီလန်၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင် (တရုတ်)၊ ကနေဒါ၊ ရုရှား၊ ဆွစ်ဇာလန်၊ ဗြိတိန်နှင့် အမေရိကန်တို့မှ စီးပွားရေးဝန်ကြီးများ၊ အီးယူကုန်သွယ်ရေးကော်မရှင်မှ တာဝန်ရှိသူများ၊ စီးပွားရေးအကြံပေး ကောင်စီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်ကို၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွှန့်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၁၉ ရက်တွင် ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Vladimir Ilichev နှင့်လည်းကောင်း၊ စက်တင်ဘာ ၂၁ ရက်တွင် အိန္ဒိယနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Mr. Piyush Goyal နှင့်လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

**သတင်းစဉ်**

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သောရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက် နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့် အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကို ထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ကွပ်ကဲမှုအောက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လျာထားစီမံကိန်းလုပ်ငန်းများ စိစစ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ကွပ်ကဲမှုအောက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လျာထားစီမံကိန်းလုပ်ငန်းများစိစစ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးကဲများ၊ ဖိတ်ကြားထားရှိသည့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများက Online System ဖြင့် တက်ရောက်ကြသည်။

**ဦးစားပေးအလိုက်စီမံဆောင်ရွက်**

ရှေးဦးစွာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လျာထားစီမံကိန်းများကို စနစ်တကျ စိစစ်၍ အမှန်တကယ် လိုအပ်ချက်ရှိသည့် ဒေသများအတွက် အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆပ်ကော်မတီအနေဖြင့် စီမံကိန်းများ လျာထားဆောင်ရွက်ရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရန်ပုံငွေခွင့်ပြုမှုအပေါ် အခြေခံပြီး ဦးစားပေးအလိုက် လျာထားဆောင်ရွက်သွားကြရန်၊ယခင်လုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) ဆုံးဖြတ်ချက်များကို အထူးအလေးထားဆောင်ရွက်သွားကြရန်၊ နာဂဒေသ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုတားဆီးနိုင်ရေး ကုန်းမြင့်လယ်ယာဖော်ထုတ်မှု နှစ်စဉ်လျာထားဆောင်ရွက်ရန်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုနိုင်ရေး ကြက်၊ ဝက် ထောက်ပံ့ရာတွင် ဒေသဝက်မျိုးအစား မျိုးမြင့်ဝက်အမျိုးအစားများ ပြောင်းလဲထောက်ပံ့နိုင်ရေး သုံးသပ်ဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်သော ငွေကြေးသုံးစွဲမှုဖြစ်စေရေးနှင့် စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို ကြပ်မတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

**ညှိနှိုင်းပေါင်းစပ်ဆွေးနွေး**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ လုပ်ငန်းဆပ်ကော်မတီဝင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြည်နယ်/ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများ လျာထားဆောင်ရွက်ထားရှိမှု အခြေအနေများအား ဦးစားပေးအလိုက် အသေးစိတ် ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးတင်ပြခဲ့မှုအပေါ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးကာ နိဂုံးချုပ် အမှာစကားပြောကြား၍ အစည်းအဝေး ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် အသားနှင့်နို့ ဖူလုံပိုလျှံမှုရှိစေရေး မေထုန်မဲ့သားစပ်သင်တန်းဖွင့်

**တောင်ငူ စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အသားနှင့်နို့ ဖူလုံပိုလျှံမှုရှိစေရေး မေထုန်မဲ့သားစပ် သင်တန်းဖွင့်ပွဲ အမှတ်စဉ်(၄/၂၀၂၄)အား ပဲခူးမြို့ သီရိဟံသာခန်းမ၌ စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက် ဖွင့်လှစ်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်စေရေး လိုအပ်သည်များ ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း အသားနှင့်နို့ ထုတ်လုပ်မှုဖူလုံစေရေး၊ စားသုံးမှုဖူလုံစေရေးနှင့် ပြည်ပမှ နို့နှင့်နို့ထွက်ပစ္စည်း တင်သွင်းမှု လျှော့ချနိုင်စေရေးအတွက် မေထုန်မဲ့သားစပ်ခြင်း သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ပြီး ကျေးလက်ဒေသပါမကျန် မေထုန်မဲ့သားစပ်ခြင်း လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းသည် ကိုယ်တိုင်မွေးမြူသူ



လုပ်ငန်းရှင်များအား လက်တွေ့မေထုန်မဲ့သားစပ်ခြင်းနှင့် တိရစ္ဆာန်မွေးမြူခြင်းဆိုင်ရာ အသိပညာများ သင်ကြားပေးသွားမည်ဖြစ်၍ စိတ်ပါဝင်စားစွာ လေ့လာမှတ်သား သင်ကြားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဗိုလ်က မေထုန်မဲ့သားစပ်ခြင်းဆိုင်ရာ အသိပညာများနှင့် ဒေသတွင်းမေထုန်မဲ့သားစပ်ခြင်း လုပ်ငန်းဆောင်ရွက်သင့်သည့် အချက်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သင်တန်းနည်းပြဆရာများ၊ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်းရှိ မြို့နယ်များမှ နို့စားနွား၊ ဒေသနွားနှင့် ဆိတ်မွေးမြူသူလုပ်ငန်းရှင် သင်တန်းသားများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ပြီး သင်တန်းတွင် လက်တွေ့သင်ကြားပြသမည့် အထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။ **(အောက်ဝဲပုံ)**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များမှ နွားမွေးမြူသူလုပ်ငန်းရှင်များအား ပထမအကြိမ် သင်တန်းဖွင့်ပေးနိုင်ခဲ့ပြီး သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့တွင် ဖွင့်လှစ်လျက်ရှိကာ ယခုအခါ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွက် ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းသားတစ်ဦးလျှင် မေထုန်မဲ့သားစပ်ကောင်ရေ အနည်းဆုံး ၁၀ ကောင် လက်တွေ့သားစပ်ခြင်း ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်သည့်အပြင် မေထုန်မဲ့သားစပ်လုပ်ကိုင်ခွင့် လက်မှတ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားသို့တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၃

**ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၄) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Wyndham Grand Hotel၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်သည်။**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး H.E. Mr.Saud Abdullah Alsubaie နှင့်တာဝန်ရှိသူများက ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံတော်သီချင်း တို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E.Mr.Saud Abdullah Alsubaie က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး H.E.Mr.Saud Abdullah Alsubaie တို့က ဆော်ဒီအာရေဗျနိုင်ငံ၏(၉၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ယင်းနောက် ညှော်ခံပွဲသို့တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါညှော်ခံပွဲအခမ်းအနားသို့ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်ဖွန်းမုန်တိုင်းရာဂီ၏ သက်ရောက်မှုကြောင့် ရေဘေးသင့်ခဲ့သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် အလှူငွေပေးအပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၂၃**

တိုင်ဖွန်းမုန်တိုင်းရာဂီ၏ သက်ရောက်မှုကြောင့် ရေဘေးသင့်ခဲ့သည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၌ ပြုလုပ်ရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (အငြိမ်းစား) နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၂)မှ ကျောင်းဆင်းအရာရှိကြီးများက ရေဘေးသင့် ပြည်သူများအတွက် အလှူငွေကျပ် ၁၀ သန်းအား ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (အငြိမ်းစား) က လက်ခံရယူသည်။

ထို့နောက် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၂) ကျောင်းဆင်းအရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီး သူရသက်ဆွေ (အငြိမ်းစား) က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာနရှိဝန်ထမ်းများ ကျန်းမာကြံ့ခိုင်စေရန်၊ စည်းလုံးညီညွတ်စေရန်၊အားကစားစိတ်ဓာတ်ဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်နိုင်စေရန်နှင့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဖလား၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အုပ်စုအဆင့် ပတ်လည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြည့်ရှုအားပေးကြသည်။

နံနက်ပိုင်းတွင် အုပ်စုအဆင့် ပွဲစဉ်များ စတင်ကျင်းပရာ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အသင်းက ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အသင်းက မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

မွန်းလွဲပိုင်းတွင် အုပ်စုအဆင့် ပွဲစဉ်များ ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးရုံးအသင်းကို နှစ်ပွဲ- တစ်ပွဲဖြင့် လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအသင်းက ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့် လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းက ပြန်ကြားရေးဝန်ကြီးရုံးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား(အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း တို့မှ စုစုပေါင်းအသင်း ခြောက်သင်း ပါဝင် ယှဉ်ပြိုင်ကြခြင်းဖြစ်ရာ ဆီမီးဖိုင်နယ် ပွဲစဉ်များကို စက်တင်ဘာ ၂၄ ရက်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအသင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အသင်းတို့သည် လည်းကောင်း၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအသင်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းတို့သည် လည်းကောင်း ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ရေဘေးကြောင့် ယာယီပိတ်ထားသည့် မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကယ်ဆယ်ရေးစခန်းနှင့် အနော်ရထာ ရပ်ကွက်(ရွာသစ်) အခြေခံပညာ အလယ်တန်းကျောင်းတို့တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်စာသင်ကြားနိုင်ရေး အရှိန်အဟုန်မြှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၃ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။ တင်စိုးလွင် (ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တပ်ကုန်းမြို့နယ် မဟာသီဟနာဒကျောင်းတိုက်တွင် ယာယီရေဘေးရှောင်နေသော ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော်  စက်တင်ဘာ ၂၃

**နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မဟာသီဟနာဒကျောင်းတိုက်တွင် ယာယီရေဘေးရှောင်နေသော ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။**



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မဟာသီဟနာဒကျောင်း၊ စန္ဒိမာရာမဂိုဏ်းထောက်ကျောင်း၊ သူဌေးကုန်းကျောင်း၊ ညောင်ပင်သာကျောင်း၊ ရှောက်ကုန်း(မြောက်) မဟာအောင်မြေကျောင်း၊ ဇရပ်ကြီးကုန်းကျောင်း၊ အောင်မြေရိပ်သာကျောင်း၊ ဘိုကုန်း(သာယာအေး)ကျောင်း၊ ကြက်သွန်ခင်းကျောင်း၊ ဖောင်တော်ဦးကျောင်း၊ ဇေတဝန်လွှတ်ဘုံကျောင်း၊ နဂါးရုံကျောင်း၊ ထီးလှိုင်ကျောင်း၊ ရွှေမြို့ကြီးဂိုဏ်းထောက်ကျောင်း၊ မြပုဏ္ဏမာကျောင်း၊ ကျောင်းသစ်ကျောင်း၊ အဆုံဇီးကုန်းကျောင်း၊ ကျားသေအိုင်(သာသနာ့ဝေပုလ္လ) ကျောင်း၊ ကမ္ဘဋ္ဌာန်းကျောင်း၊ ရေလယ်ကွေ့ကျောင်း၊ ရှားတုံးအိုင်ကျောင်း၊ မဟာဗောဓိကျောင်း၊ သာဂရရာမပိန်းတောမြောက်ကျောင်း၊ လေးအိမ်စုကျောင်း၊ မိုဃ်းကောင်းဘုရားကျောင်း၊ အောင်ဆုပန်ကျောင်း၊ လက်ပံပုကျောင်း၊ ပိန်းတောတောင်ကျောင်း၊ ဆေကိန္ဒာရာမ (သာယာအေး)ကျောင်း၊ သီရိသုခမိဂဒါဝုန်ဓမ္မရိပ်သာကျောင်း၊ ရေတွင်းဖြူကျောင်း၊ ရွှေးစု (အာလောက)ကျောင်း၊ ပျိုးဥယျာဉ်ကျောင်း၊ ခေမာသီဝံ(ချောင်းခြား)ကျောင်း၊ မဟာဗောဓိဂန္ဓာရုံကျောင်း၊ အုတ်ဖိုကျောင်း၊ ရှောက်ကုန်း(တောင်) ကျောင်း၊ နွယ်ရစ်ကျောင်း၊ သိင်္ဂီရတနာကျောင်း၊ သာသနာ့ဂုဏ်ရည်ကျောင်း၊ ဓမ္မဂုဏ်ရည်ကျောင်းနှင့် ဓမ္မရောင်ခြည် စာသင်တိုက်တို့မှ ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့အား သင်္ကန်း၊ လှူဖွယ်ဝတ္ထုများနှင့် အရှင်ဂဝမ္ပတိမထေရ်စာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များက ရေဘေးကို တားဆီးတော်မူခဲ့သော အရှင်ဂဝမ္ပတိမထေရ်မြတ်၏ ဂဝမ္ပတိထွေရဂါထာတော်အား သုံးကြိမ် ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် စန္ဒိမာရာမဂိုဏ်းထောက်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဓဇ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရေဘေးရှောင်ပြည်သူများအား စောင့်ရှောက်ထားသည့် မဟာဇနကကျောင်းပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏာရဟအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ အရှင်ဂဝမ္ပတိ မထေရ်စာအုပ်များနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကာ ကျောင်းတိုက်၌ ရေဘေးရှောင်နေသော တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက်နှင့် အနော်ရထာရပ်ကွက်တို့မှ ရေဘေးသင့် ဒေသခံအိမ်ထောင်စုများအတွက် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားဆင်းတုတော် ၁၀၈ ဆူ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဘေးရှောင်ပြည်သူများအား စောင့်ရှောက်ထားသည့် ငွေတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇ္ဇောတက၊ တိုက်အုပ်ဆရာတော် နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ အဖွဲ့ဝင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညနှင့် နာယကဆရာတော် တပ်ကုန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဘဒ္ဒန္တသောမနတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ အရှင်ဂဝမ္ပတိမထေရ်စာအုပ်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ကျောင်းတိုက်၌ ရေဘေးရှောင်နေသော တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက်၊ မြဝတီရပ်ကွက်၊ ရွာသစ်ရပ်ကွက်နှင့် နောင်သာ်ရပ်ကွက်တို့မှ ရေဘေးရှောင် ဒေသခံအိမ်ထောင်စုများအတွက် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားဆင်းတုတော် ၁၀၈ ဆူ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စေတနာရှင်ရဟန်းရှင်လူများမှ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိရေဘေးရှောင်ဘုန်းတော်ကြီးကျောင်း ၄၇ ကျောင်းနှင့် သီလရှင်ကျောင်း ခုနစ်ကျောင်း စုစုပေါင်း ၅၄ ကျောင်းရှိ ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုငွေကျပ် ၁၀၈ သိန်းနှင့် ရေဘေးရှောင်ဒေသခံပြည်သူများအား ထောက်ပံ့ငွေကျပ် ၃,၃၃၀,၀၀၀ လှူဒါန်းခဲ့သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စေတနာရှင် ရဟန်းရှင်လူများမှ ယနေ့အချိန်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း စုစုပေါင်း ၁၄၈ ကျောင်းသို့ ဝတ္ထုငွေကျပ် ၂၉၆ သိန်း၊ သင်္ကန်း ၈၈၈ စုံ၊ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၇၀၂ ဆူ၊ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ တဘက်၊ ဆပ်ပြာမှုန့် စသည့် ဝတ္ထုပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ရေဘေးဒဏ် ခံစားရသောဒေသများအတွက် အလှူရှင်များက အလှူငွေများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၃**

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး(ဝဲပုံ) ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ငွေကျပ် ၄၅ သိန်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဝန်ထမ်းမိသားစုမှ ငွေကျပ်သိန်း ၂၀ ၊ ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းမှ ငွေကျပ် ၂၀၁ သိန်း၊ ဦးအောင်သိုက် Managing Director, Myanmar New Power Investment Group Co,Ltd မှ ငွေကျပ်သိန်း ၁၀၀ ၊ Myanmar Development Strategic Research Organization မှ ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၄၆,၆၀၀,၀၀၀ နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နန္ဒာမွန်းက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ မုန့်ပုံးငါးပုံး ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မူဆယ်မြို့၌ သန်းခေါင်စာရင်းကောက်ယူရေး စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်

**မူဆယ် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး သင်တန်းဖွင့်ပွဲကို ခရိုင်/မြို့နယ် စုပေါင်းရုံး၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး ခရိုင်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်နိုင်က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် အသုံးပြုမည့်ပစ္စည်းများ၊ လမ်းညွှန်စာအုပ်များကို သင်တန်းသားများထံ ပေးအပ်သည်။



သင်တန်းကို သင်တန်းဆရာများက အွန်လိုင်းမှ ပို့ချမည်ဖြစ်ပြီး သင်တန်းသား ၂၅၀ တက်ရောက်၍ မူဆယ်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ကွက် ၈၉ ကွက်ဖြင့် ကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၂၁ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ယု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲဗလအောင်ကျော်ဦး၊ မြို့မစခန်းမှူး ဒုရဲမှူးဝင်းထွဋ်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်ပြန်/ဆက်

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Yong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Yong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ရုံးအမှတ်(၂၇)ရှိပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

**တွေ့ဆုံဆွေးနွေး**

တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့အကြား လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်အစိုးရတို့အကြား ဆက်လက်ဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးကြသည်။

**တာဝန်ရှိသူများ တက်ရောက်**

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ယူနန်ပြည်နယ် စီးပွားရေးရာဌာနနှင့် စွမ်းအင်ဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ စောင်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စု ၅၈၅ စု၊ လူဦးရေ ၅၀၀၀ ခန့်ရှိ လယ်ဝေးမြို့နယ် ပိတောက်ချောင်ကျေးရွာအုပ်စု ကွမ်းခြံကျေးရွာသို့သွားရောက်ပြီး ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှု၊ ပျက်စီးဆုံးရှုံးခဲ့မှု၊ ကျန်းမာရေးကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးမေးမြန်းပြီး ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သန့်ရှင်းရေးပြုလုပ်နေမှု၊ ရေကောင်းရေသန့်များရရှိရေး ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဘေးသင့်ပြည်သူများ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးနေသည့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျေးရွာပြန်လည်ထူထောင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ သောက်ရေနှင့် သုံးရေများ သန့်ရှင်းစွာရရှိရေး၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ကျေးရွာဆက်သွယ်သည့်လမ်း ပြုပြင်ရေးကိစ္စရပ်များကိုဆွေးနွေးပြီး စက်မှုဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေဘေးသင့်ခဲ့သည့် ပြည်သူများအား စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများမှ ငွေကျပ် ၁၅၃၈၂၇၀၀ တန်ဖိုးရှိဆန်၊ စောင်၊ အဝတ်အထည်၊ ဖိနပ်၊ ရေသန့်ဆေးပြား၊ သောက်ရေသန့်နှင့် အသုံးအဆောင်ပစ္စည်းများ



စသည်တို့ကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး ကျေးရွာအတွင်း၌ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် စိုက်ပျိုးရေးထွက်ကုန်များ ပြန်လည်ဆယ်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို အားပေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် သဘာဝဘေးကြောင့် ပျက်စီးခဲ့သော နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၏ လမ်း၊ တံတားများ ယာယီပြင်ဆင်ပြီးစီးသည့် အခြေအနေ၊ အခိုင်အမာ ပြင်ဆင်တည်ဆောက်မည့် အစီအမံနှင့် ဆင်သေချောင်း၏ ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်ရမည့် အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဆင်သေချောင်းတံတား (ပုပ္ပားကုန်း) သို့ရောက်ရှိရာ လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နွယ်နီထွန်းက ဆင်သေချောင်းတံတား (ပုပ္ပားကုန်း) တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းတို့၏ မူလပျက်စီးမှု၊ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေ၊ ပုပ္ပားကုန်းတံတားနှင့် ဒိုးပင်ခုံတံတား နှစ်စင်းအကြား လမ်းတာပေါင်မူလပျက်စီးမှုများ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး တံတားနှစ်စင်း၏ ကြံ့ခိုင်မှု၊ ဆင်သေချောင်း၏ ရေစီးဆင်းမှုနှင့် ရေလမ်းကြောင်းအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အေးမြင့်သာယာတံတားသို့ ရောက်ရှိရာ တာဝန်ရှိသူများက တံတားထိပ်ခုံ ပျက်စီးခဲ့မှုနှင့် တံတားကြံ့ခိုင်မှုအခြေအနေ၊ ပြင်ဆင်ဆောင်ရွက်မည့်နည်းလမ်းများနှင့် အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ် စစ်ဆေးကြပ်မတ်ရန် မှာကြားသည်။

ထို့အတူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူက ဆင်သေချောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေလမ်းကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တံတား၏ Up Stream နှင့် Down Stream တို့တွင် ရေလမ်းကြောင်းများ ကောင်းမွန်ရေးအတွက် ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တံတားကြံ့ခိုင်မှုနှင့် ရေလမ်းကြောင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**PDF Game**

**ဆော့ကစားခြင်းကြောင့်**

**ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# နေပြည်တော် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးသင့်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးသင့်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ နေပြည်တော်ပြည်ထောင်စုနယ်မြေနှင့် ရေဘေးသင့်ခဲ့သော ဒေသများမှ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရေဘေးသင့်ကျောင်းများကို အမြန်ဆုံးပြင်ဆင်ထူထောင်ကာ အောက်တိုဘာလတွင် ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ကြရန်၊ ကယ်ဆယ်ရေးစခန်းများတွင်ရောက်ရှိနေပြီး နှစ်ဝက်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုနိုင်ခြင်းမရှိသည့် ကျောင်းသားကျောင်းသူများကို အစားထိုးပြန်လည်ဖြေဆိုနိုင်ရေး စီစဉ်ပေးရန်၊ ကျောင်းဆောင်နှင့် စာသင်ခန်းများသန့်ရှင်းရေး၊ နုန်းများဆေးကြောရေး၊ သောက်ရေသုံးရေရရှိရေး၊ သန့်စင်ခန်းများ သန့်ရှင်းရေးနှင့် ကျောင်းသား ကျောင်းသူများ ပြန်လည်ကျောင်းတက်ရောက်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ရေဝင်ရောက်မှုကြောင့် ကျောင်းပိတ်ထားခဲ့ရသည့် ရက်များကို စနေ၊ တနင်္ဂနွေနေ့များတွင် အစားထိုး သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ရေဝင်ရောက်မှုကြောင့် ပျက်စီးခဲ့ရသည့် ကျောင်းဆောင်များနှင့် ပရိဘောဂများ ပြန်လည်ပြုပြင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က ကျောင်းဆောင်၊ စာသင်ခန်း၊ သန့်စင်ခန်းများ သန့်ရှင်းရေးအတွက် သုံးရေ၊ သောက်ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးသွားမည့်အခြေအနေနှင့် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည့် စာအုပ်စာတမ်းများနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးသွားမည့် အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာသူများက ကျောင်းအလိုက် လိုအပ်သည်များကိုလည်းကောင်း တင်ပြကြပြီး ဝိုင်းဝန်းဆွေးနွေးကြကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့၌ အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုနည်းစနစ်သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၃**

အရေးပေါ်ဆေး အကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်းနည်းစနစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်ရှိ သီတာခန်းမ၌ ကျင်းပရာ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ်မြင့်ဇော် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတကာမီးသတ်တပ်ဖွဲ့ဝင်များနည်းတူ မီးငြိမ်းသတ်ရေးလုပ်ငန်းအပြင် ရုတ်တရက်ဖြစ်ပွားသည့် ဘေးအန္တရာယ်အမျိုးမျိုးတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိသော လူနာများအား အရေးပေါ်ဆေး အကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်း အတတ်ပညာများဖြင့် Emergency Medical Services လုပ်ငန်းများကို ပိုမိုတွင်ကျယ်စွာ လုပ်ဆောင်နိုင်စေရန်နှင့် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။



သင်တန်းကာလမှာ စက်တင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ရက်သတ္တပတ် ၁၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား ၃၅ ဦး တက်ရောက်သင်ယူမည်ဖြစ်ကာ စာတွေ့/ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၊ အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင် ၅၀၀)မှ ဒုတိယတပ်မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်**

**ဓာတ်ပုံ – MFSD**




# ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

၂၀၂၄ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အကြို ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော်ပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး၌ သတ်မှတ်ထားသော အားကစားကွင်းရုံများ၌ ကျင်းပလျက်ရှိပြီး ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အကြို ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော်ကိုကျင်းပခြင်းဖြစ်ပြီး အားကစားနည်း ၂၄ မျိုးဖြင့် ကျင်းပနေကြောင်း ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ပြောသည်။

အဆိုပါတိုင်းဒေသကြီး အမျိုးသားအားကစားပွဲတော်၊ အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးဝန်ကြီးများက ကျင်းပပြီးစီးခဲ့သည့် အားကစားနည်းအလိုက် အားကစားသမားများကို ငွေသားဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အကြို ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်ကို အားကစားနည်း ၂၄ မျိုးဖြင့် စက်တင်ဘာ ၁၄ ရက်မှ၂၄ ရက်အထိ ကျင်းပလျက်ရှိပြီး အဆိုပါပြိုင်ပွဲများတွင် ခရိုင် ၁၄ ခရိုင်မှ ကစားသမား၂၄၁၇ဦး ဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **အာကာစိုး**

# တောင်ငူမြို့၌ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့်သင်တန်းဖွင့်

**တောင်ငူ စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၂ ရက်က ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညာဏ်လင်းအောင် (မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ) က အမှာစကား ပြောကြားသည်။

သင်တန်းကို အထက (၁) ၌ ဖွင့်လှစ် သင်ကြားမည်ဖြစ်ပြီး စာရင်းစစ်၊ စာရင်းကောက် ၁၇၀ တို့ကို အောက်တိုဘာ ၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။

**ဇော်ကိုကို (ပြန်/ဆက်)**





ရမည်းသင်းမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့်ပျက်စီးသွားသည့် ကန်ဆွယ်–ကန်မြင့်–မှန်စီ–ဝါးတော–မကျီးစု ကျေးရွာချင်းဆက်လမ်းပိုင်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြုပြင်လျက်ရှိရာ စက်တင်ဘာ ၂၂ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦး (ထိန်းသိမ်းရေး) ဦးဆောင်သောအဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဘိုကလေး–မော်လမြိုင်ကျွန်း ကားလမ်းဘေးရှိ မိုင်တိုင် အမှတ် ၀/၇မှ ၀/၈ အနီးတွင် စက်တင်ဘာ ၂၂ ရက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရန်နိုင်ဖြိုး၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးနှင့် သပြုကုန်းကျေးရွာအုပ်စုမှ ဒေသခံများတက်ရောက်ကာ မဟော်ဂနီ၊ မာလာလူးကား၊ မန်ဂျန်ရှားနှင့် စိန်ပန်းပင် စုစုပေါင်းပျိုးပင် ၃၀၀ စုပေါင်းစိုက်ပျိုးကြစဉ်။ မိုးစက်(ဘိုကလေး)

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၃**
ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေးတစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက်မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော် ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာ ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" သည် ယခုအသက် ၂ နှစ်၊ ၂ လသား အရွယ်တွင် အရပ်အမြင့် ၄ ပေ ၈ လက်မ၊ ကိုယ်လုံးလုံးပတ် ၇ ပေ ၄ လက်မ၊ ကိုယ်အလေးချိန် ၁၄၃၄ ပေါင် ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်း စောင့်ရှောက်ရေး ဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန်၊ ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြား ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည့် ရန်နိုင်ဦးက ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းအတွက် ဂိုးများကို အောင်မြတ်သူက မိနစ် ၇၀၊ ၇၆၊ ၉၀+၃ မိနစ်တွင် ဂိုးသွင်းကာ ဟက်ထရစ်၊ ၇၈ မိနစ်တွင် လားဒင်မောရက တစ်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် အောင်မြတ်သူက ရရှိခဲ့သည်။

ပထမအကျော့ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်သော်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ရွှေ့ဆိုင်းထားရသည့် ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့၏ လက်ကျန်ဒုတိယပိုင်း ၄၅ မိနစ်ကို စက်တင်ဘာ ၂၆ ရက်တွင် သုဝဏ္ဏကွင်း၌ ပြန်လည်ကျင်းပမည်ဖြစ်သည်။ ပထမအကျော့အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၃၁ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး ဟံသာဝတီအသင်းက ၂၈ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၂၇ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၃ မှတ်၊ ရတနာပုံအသင်းက ၁၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၆ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၃ မှတ်၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းက ခုနစ်မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ငါးမှတ်၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက နှစ်မှတ် ရရှိထားသည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ – MNL**

---

❍ *ကျောဖုံးမှ*

ပြိုင်ပွဲပြီးဆုံးရန် နီးစပ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် အသင်းခံစစ်ကစားသမား ဂတ်ဘီယာက အေစီမီလန်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

အေစီမီလန်အသင်းသည် ယခုနိုင်ပွဲကြောင့် စီးရီးအေပွဲစဉ် (၅) အပြီးတွင် တစ်ပွဲရှုံး၊ နှစ်ပွဲသရေနှင့် နှစ်ပွဲနိုင်ရလဒ်ရရှိထားသည်။ ပြိုင်ဘက် အင်တာမီလန်အသင်းကလည်း ပွဲစဉ် (၅) အပြီးတွင် တစ်ပွဲရှုံး၊ နှစ်ပွဲသရေနှင့် နှစ်ပွဲနိုင် ရလဒ်ရရှိထားသည်။

အီတလီစီးရီးအေပွဲစဉ် (၅) မှ အခြားသော ပွဲစဉ်ရလဒ်များတွင် ဖီအိုရင်တီးနားက လာဇီယိုကို နှစ်ဂိုး -တစ်ဂိုး၊ ဘိုလော့ဂ်နာက မွန်ဇာကို နှစ်ဂိုး–တစ်ဂိုး၊ ရိုးမားက အူဒီးနိစ်ကို သုံးဂိုး–ဂိုးမရှိဖြင့် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

**အောင်ဇော်**

---

# တောင်ငူမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများကို ကူညီရေးပစ္စည်းများသွားလှူလျှင် အကြမ်းဖက်ဥပဒေဖြင့် ဖမ်းဆီးအရေးယူမည်ဟု မဟုတ်မမှန် စွပ်စွဲရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**
ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများကို ကူညီရေးပစ္စည်းများ လာရောက်လှူဒါန်းရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ အကြောင်းကြားရန် အမိန့်ပေးညွှန်ကြားကြောင်းနှင့် စစ်ရေးတင်းမာနေသော ရေဘေးသင့်ကျေးရွာများကို ကူညီရေးပစ္စည်းများ သွားလှူလျှင် အကြမ်းဖက်ဥပဒေဖြင့်ဖမ်းဆီးအရေးယူမည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် စွပ်စွဲရေးသားပြီး လှုံ့ဆော် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။



အဆိုပါသတင်းနှင့် ပတ်သက်၍ တောင်ငူမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားရှိရာမှ အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ပွားရှင်သန်ကာ ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့်အလှူရှင်များမှလာရောက်လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းဖြင့် ပူးပေါင်းပါဝင်ကြပါရန် အလှူရှင်များသို့ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တိုက်တွန်းနှိုးဆော် ပန်ကြားထားရှိပြီးဖြစ်ပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေလုံခြုံရေးအခြေအနေအရ စစ်ဆေးဆောင်ရွက်ခြင်းသာရှိပြီး တားဆီးပိတ်ပင်မှုများမရှိကြောင်း သိရှိရသည်။

ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ လူမှုကူညီရေး အသင်းအဖွဲ့များနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတာဝန်ရှိသူများအပေါ် ပြည်သူလူထုမှ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန် စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒ ဖြန့်ဝေ နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေဘာသာပြန် စာအုပ်အမှတ် (၁၄) ထုတ်ဝေ

**နေပြည်တော် စက်တင်ဘာ ၂၃**
ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုပြီးသည့် ဥပဒေများကို စာအုပ်ထုတ်ဝေလျက်ရှိရာ ဘာသာပြန်စာအုပ်အမှတ် (၁၄) စာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအရ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည်။

ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေပေါင်း ၃၈ ခုကို မြန်မာဘာသာသို့ ပြန်ဆိုပြီး စာအုပ်အမှတ် (၁) မှ (၁၃) အထိ ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပြီး ဥပဒေဘာသာပြန်စာအုပ်အမှတ် (၁၄) တွင် အာနန်ထိမ်းမြားခြင်းအက်ဥပဒေ (The Anand Marriage Act)၊ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act)၊ ဟိန္ဒူဘာသာဝင်များ၏ ပစ္စည်းစီမံခန့်ခွဲခြင်း အက်ဥပဒေ (The Hindu Disposition of Property Act)၊ ဟိန္ဒူအမွေဆက်ခံခြင်း (မစွမ်းဆောင်နိုင်မှုကြောင့် အမွေဆက်ခံခွင့်မရှိခြင်းကို ဖယ်ရှားရေး) အက်ဥပဒေ (The Hindu Inheritance (Removal of Disabilities) Act)၊ ဟိန္ဒူဘာသာဝင်များ၏ အမွေဆက်ခံခြင်းဥပဒေကို ပြင်ဆင်သည့်အက်ဥပဒေ (The Hindu Law of Inheritance Amendment Act)၊ ဟိန္ဒူများ ပညာလေ့လာသင်ယူခြင်းမှ အကျိုးအမြတ်ဆိုင်ရာ အက်ဥပဒေ (The Hindu Gains of Learning Act)၊ မွတ်စလင်ဝါကပ်ဖ်အက်ဥပဒေ (The Mussalman Wakf Act)၊ မွတ်စလင်ဝါကပ်ဖ် တရားဝင်ခြင်းအက်ဥပဒေ (The Mussalman Wakf Validating Act)၊ ကာဇစ်အက်ဥပဒေ (The Kazis Act) တို့ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပြီး အဆိုပါမြန်မာဘာသာ ပြန်ဆိုထားသည့် ဥပဒေများသည် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ အရ မူလစာမူနှင့် အလားတူအာဏာတည်ကြောင်း ဥပဒေဘာသာပြန်ကော်မရှင်၏ အမိန့်အမှတ် ၁/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ဘာသာပြန်ဆိုပြီးသည့် အက်ဥပဒေ ၉ ခုကို စုစည်း၍ ဥပဒေဘာသာပြန်စာအုပ်အမှတ် (၁၄) အဖြစ် ပြုစုထုတ်ဝေခြင်းဖြစ်ပြီး မြန်မာဘာသာပြန်ဆိုချက်များကို မူလစာမူနှင့် ယှဉ်တွဲဖတ်ရှုလေ့လာနိုင်ရန် မူလအင်္ဂလိပ်စာမူကိုလည်း ဤစာအုပ်တွင် ထည့်သွင်းဖော်ပြထားသည်။

ဥပဒေရေးရာဝန်ကြီးဌာနက ထုတ်ဝေသည့် ဥပဒေဘာသာပြန်စာအုပ်အမှတ် (၁၄) သည် တရားဝင်ကိုးကားသုံးစွဲနိုင်သည့် စာအုပ်တစ်အုပ်ဖြစ်သည့်အပြင် ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် အသုံးဝင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




---

❐ *ကျောဖုံးမှ*

အဆိုပါ ပျက်စီးသွားသော နမ့်လပ်ချောင်းကူးတံတားနေရာတွင် သံပေါင်ဘေလီတံတား အစားထိုးတည်ဆောက်နိုင်ရေး ခရိုင်လမ်းဦးစီးဌာနမှ အမြန်ဆုံးပြင် ဆင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် အရွယ်အစား အရှည်ပေ ၈၀၊ အကျယ် ၁၂ ဒသမ ၈ ပေ၊ ခံနိုင်ဝန် ၁၃ တန်ရှိသည့် သံပေါင်ဘေလီတံတားကို တည်ဆောက်ပြီးစီးပြီဖြစ်၍ ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သီရိလင်္ကာနိုင်ငံ၏ နဝမမြောက်သမ္မတသစ်အဖြစ် ဒစ္စနာယာကေ ကျမ်းသစ္စာကျိန်ဆို



သီရိလင်္ကာသမ္မတသစ် ဒစ္စနာယာကေ ကျမ်းသစ္စာကျိန်ဆိုပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

ကိုလံဘို စက်တင်ဘာ ၂၃

**သီရိလင်္ကာနိုင်ငံ၏ နဝမမြောက်သမ္မတအဖြစ် အနူရာကုမာရာ ဒစ္စနာယာကေသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ကိုလံဘိုရှိ သမ္မတရုံး၌ ကျမ်းသစ္စာကျိန်ဆိုသည်။**

၎င်း၏ အစိုးရအဖွဲ့သည် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး ၎င်း၏ အဓိကတာဝန်မှာ နိုင်ငံရေး ယဉ်ကျေးမှုသစ်တစ်ရပ်ကို ဖန်တီးရန်ဖြစ်ကြောင်း မိန့်ခွန်းတွင် ပြောကြားသည်။ ကျွမ်းကျင်သူများနှင့်လက်တွဲပြီး တိုင်းပြည်အတွက် အကောင်းဆုံးသော ဆုံးဖြတ်ချက်များ ချမှတ်သွားမည်ဟု ဒစ္စနာယာကေက ပြောကြားသည်။ သီရိလင်္ကာနိုင်ငံသည် ပြည်ပနိုင်ငံအားလုံးနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိရန် လိုအပ်ပြီး အားလုံးနှင့် ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်ရန် ကတိပြုထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမျိုးသားပြည်သူ့အင်အားစု (အင်န်ပီပီ) ၏ ကိုယ်စားလှယ်လောင်း ဒစ္စနာယာကေသည် စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရသူအဖြစ် ရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၂၂ ရက်တွင် အတည်ပြုခဲ့သည်။

ဒစ္စနာယာကေကို မြောက်အလယ်ပိုင်းပြည်နယ် အနူရာဒပူရခရိုင်ရှိ ရွာတစ်ရွာ၌ ၁၉၆၈ ခုနှစ် နိုဝင်ဘာ ၂၄ရက်တွင် မွေးဖွားခဲ့သည်။ ကျောင်းတက်နေစဉ်ကတည်းက ဂျာနသာဝိမုတ္တိပဲရမုနာ ပါတီ (ဂျေဗွီပီ) ၏ လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် အဆိုပါ ပါတီသို့ဝင်ရောက်ကာ နိုင်ငံရေးလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်တွင် ကီလာနီယာတက္ကသိုလ်မှ ရူပဗေဒ အထူးပြုဖြင့် သိပ္ပံဘွဲ့ရခဲ့ပြီး ၁၉၉၈ခုနှစ်တွင် ဂျေဗွီပီပါတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်ဖြစ်လာသည်။

၂၀၀၀ ပြည့်နှစ်တွင် လွှတ်တော်အမတ်ဖြစ်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မြေယာနှင့် ဆည်မြောင်းဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဂျေဗွီပီ ပါတီ၏ ခေါင်းဆောင်ဖြစ်လာခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အမျိုးသားပြည်သူ့အင်အားစု (အင်န်ပီပီ)နှင့် မိတ်ဖက်ညွန့်ပေါင်းပါတီ အဖွဲ့အစည်းများ၏ ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည်။

ဒစ္စနာယာကေ သမ္မတသစ်အဖြစ် ရွေးကောက်ခံရပြီးနောက် သီရိလင်္ကာဝန်ကြီးချုပ် ဒင်းနစ်ရှ် ဂူနာဝါဒီနာသည် စက်တင်ဘာ ၂၃ ရက် နံနက်တွင် ၎င်း၏ တာဝန်မှ နုတ်ထွက်ခဲ့သည်။

**ဆင်ဟွာ**

# ဟားရစ်ကို ရှုံးနိမ့်ခဲ့ပါက ၂၀၂၈ ခုနှစ် သမ္မတရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ထရမ့်ပြော

**ဝါရှင်တန် စက်တင်ဘာ ၂၃**

နိုဝင်ဘာလတွင် ၎င်း၏ ဒီမိုကရက်တစ် ပြိုင်ဘက် ဒုတိယသမ္မတ ကာမလာဟားရစ်ကို ရှုံးနိမ့်ခဲ့မည်ဆိုပါက ၂၀၂၈ ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင် ဝင်ပြိုင်တော့မည် မဟုတ်ကြောင်း အမေရိကန်ရီပတ်ဘလီကင် သမ္မတလောင်း ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။




တနင်္ဂနွေနေ့က ထုတ်လွှင့်သော အင်တာဗျူးတစ်ခုတွင် ယခုအကြိမ် အောင်မြင်မှု မရရှိခဲ့ပါက လေးနှစ်အတွင်း နောက်တစ်ကြိမ် ပြန်အရွေးခံမည်လားဟု ထရမ့်အား မေးမြန်းခဲ့ရာ ယင်းကဲ့သို့ မထင်ကြောင်းနှင့် အောင်မြင်မှု ရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြန်လည်ဖြေကြားခဲ့ သည်။

အင်တာဗျူးနောက်ဆုံးတွင် အဆိုပါ မေးခွန်းကို မေးမြန်းခဲ့ခြင်းဖြစ်ပြီး သမ္မတဟောင်းက ယခုအကြိမ်မှာ အိမ်ဖြူတော်အတွက် အဘယ်ကြောင့် နောက်ဆုံးဝင်ရောက်ယှဉ်ပြိုင်ရခြင်း ဖြစ်သည်ကို ရှင်းရှင်းလင်းလင်း မပြောကြားခဲ့ပေ။ အမေရိကန်သမ္မတ တစ်ဦးကို လေးနှစ်သက်တမ်း နှစ်ကြိမ် ထမ်းဆောင်ရန် ကန့်သတ်ထားသည်။ သို့သော်လည်း ကိုယ်စားလှယ် လောင်းများကို အသက်အရွယ်မရွေး အကြိမ်ရေ အကန့်အသတ်မရှိ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားသည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် လက်ဘနွန်တွင် ၁၈၂ ဦး သေဆုံးပြီး ၇၂၇ ဦး ဒဏ်ရာရ

**ဘေရွတ် စက်တင်ဘာ ၂၃**

လက်ဘနွန်တောင်ပိုင်းနှင့် အရှေ့ပိုင်းသို့ စက်တင်ဘာ ၂၃ ရက်က အစ္စရေးလေကြောင်း တိုက်ခိုက်မှုအတွင်း ၁၈၂ ဦး သေဆုံးပြီး ၇၂၇ ဦး ဒဏ်ရာရကြောင်း လက်ဘနွန် ကျန်းမာရေးဝန်ကြီး ဌာနက ပြောသည်။

သေဆုံးသူများအနက် အမျိုးသမီးများ၊ ကလေးများနှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်ကြောင်း ဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။


လက်ဘနွန်တောင်ပိုင်း ကဖာရူမန်ကျေးရွာကို အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ထွက်ပေါ်လာသည့် မီးခိုးများကို မာဂျေယောင်းမြို့မှ မြင်တွေ့ရစဉ်။

စက်တင်ဘာ ၂၃ ရက်က လက်ဘနွန် အရှေ့ပိုင်းနှင့် တောင်ပိုင်းရှိ မြို့ရွာပေါင်း ဖ၀ခန့်ကို ပစ်မှတ်ထားကာ အစ္စရေးစစ်လေယာဉ်များက လေကြောင်းတိုက်ခိုက်မှု အကြိမ် ၃၀၀ ကျော် ပြုလုပ်ခဲ့ကြောင်း အမည်မဖော်လိုသည့် လက်ဘနွန် စစ်ဘက် သတင်းရင်းမြစ်များက ပြောကြားသည်။

လက်ဘနွန် အခြေစိုက် ကြက်ခြေနီနှင့် အရပ်ဘက်ကာကွယ်ရေး ယာဉ်များသည် ဒဏ်ရာရသူများကို လက်ဘနွန်တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ ဆေးရုံများသို့ ပို့ဆောင်ရန် လုပ်ဆောင်နေကြောင်း သတင်းရင်းမြစ်များက ပြောကြားသည်။

**ဆင်ဟွာ**

# ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသူများကို အကာအကွယ်ပေးရန် ကမ္ဘာ့ခေါင်းဆောင်များတွင် တာဝန်ရှိကြောင်း UNHCR အကြီးအကဲ ပြော

**နယူးယောက် စက်တင်ဘာ ၂၃**

ဒုက္ခသည်များနှင့် ရွှေ့ပြောင်းလုပ်သားများကို အကာအကွယ်ပေးရေး တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ရန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNHCR) အကြီးအကဲက ကမ္ဘာ့ခေါင်းဆောင်များကို တောင်းဆိုလိုက်သည်။

**သန်းပေါင်း ၁၂၀ အထိရှိလာ**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအကြီးအကဲ ဖိလစ်ပို ဂရန်ဒီသည် တနင်္ဂနွေနေ့တွင် နယူးယောက်မြို့၌ အင်န်အိတ်ချ်ကေသတင်းဌာနနှင့် တွေ့ဆုံစဉ် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်း ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာလာသူ အရေအတွက်သည် အဆက်မပြတ် တိုးလာနေပြီး ယခုအခါ သန်းပေါင်း ၁၂၀ အထိရှိလာပြီ ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောသည်။

ဂါဇာ၊ ဆူဒန်ပဋိပက္ခများ၊ ဗင်နီဇွဲလားနိုင်ငံ မတည်မငြိမ်ဖြစ်မှု အခြေအနေတို့ကို ၎င်းက ကိုးကားပြောကြားသည်။ အမေရိကန်ရွေးကောက်ပွဲ ရီပတ်ဘလီကင်သမ္မတလောင်း ဒေါ်နယ်ထရမ့်က အမေရိကန်သို့ ရွှေ့ပြောင်းလာကြသူများသည် အမေရိကန်နိုင်ငံသားများ၏ အိမ်မွေးတိရစ္ဆာန်များကို စားသုံးကြောင်း ပြောသည်။

**အလွန်အန္တရာယ်များ**

ရွှေ့ပြောင်းသူများနှင့် ဒုက္ခသည်များကို အပုပ်ချခြင်း၊ ၎င်းတို့ကို ပိုမိုဆိုးရွားအောင် လှောင်ပြောင်ခြင်း၊ ၎င်းတို့ကို ကဲ့ရဲ့ရှုတ်ချခြင်းနှင့် ဖယ်ကြဉ်ခြင်းတို့သည် အလွန်အန္တရာယ်များသည်ဟု ထင်မြင်ကြောင်း ဂရန်ဒီက ပြောသည်။ ထို့အပြင် ကမ္ဘာ့ခေါင်းဆောင်များ၏ တာဝန်သည် ၎င်းတို့နိုင်ငံများတွင် ခက်ခဲကျပ်တည်းနေသော အခြေအနေများမှ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများကို လက်ခံကာကွယ်ပေးမှသာ လူမှုအသိုင်းအဝိုင်းအတွက် အကျိုးရှိလာလိမ့်မည်ဟု ၎င်းက ဆက်ပြောသည်။

**အင်န်အိတ်ချ်ကေ**



## မင်းလှမြို့နယ် တူးမြောင်းကျေးရွာ၌ ဗုံလုံသီး (ခေါ်) ပဲလင်းမြွေသီးစိုက်ပျိုးခြင်းဖြင့်အကျိုးအမြတ်ရရှိ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် တူးမြောင်းကျေးရွာတွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ဗုံလုံသီး (ခေါ်) ပဲလင်းမြွေသီးကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားရှိကြောင်း၊ ဗုံလုံသီးကို မိုးဦးကာလဖြစ်သည့် မေလနှင့် ဇွန်လတို့တွင် လည်းကောင်း၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင်လည်းကောင်း စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရာတွင် ရေသွင်းရေတင်စနစ်ဖြင့် ပေါင်ခတ်၍လည်းကောင်း၊ စိုက်ကျင်းတူး၍လည်းကောင်း စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး တစ်လခန့်အကြာတွင် စင်ထိုး၍ ဗုံလုံသီးအနွယ် (အညွန့်) များကို စင်ပေါ်တင်ပေးရပြီး နှစ်လခန့်အကြာတွင် အသီးများ ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း၊ မြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ တစ်ဧကလျှင် အတောင့်ရေ ၄၀၀၀–၄၃၀၀ ခန့် ထွက်ရှိပြီး စက်တင်ဘာလ၊ တတိယပတ်တွင် လက်ကားဈေး တစ်တောင့်လျှင် ငွေကျပ် ၅၀၀–၅၅၀ ဖြင့် ရောင်းချရကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းခန့် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှမြို့နယ်မှ ထွက်ရှိသော ဗုံလုံသီးများကို မြို့နယ်အတွင်းရောင်းချမှုအပြင် ရန်ကုန်မြို့ သီရိမင်္ဂလာဈေးသို့ တင်ပို့ရောင်းချလျက်ရှိရာ တောင်သူများအနေဖြင့် အကျိုးအမြတ်များ ရရှိသည့်အတွက် ဗုံလုံသီး သီးနှံများကို တွင်တွင်ကျယ်ကျယ် စိုက်ပျိုးလာကြကြောင်း သိရသည်။



DOCA (ပဲခူး)

## မယ်ဇလီတောကျေးရွာ၌ ပြောင်းသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့ ပန်းတော်ပြင်ကျေးရွာအုပ်စု မယ်ဇလီတောကျေးရွာတွင် သီးနှံမျိုးစုံစိုက်ပျိုးကြပြီး ပြောင်းသီးနှံများကို ၁၅ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို ဩဂုတ်လလယ်တွင် စတင်စိုက်ပျိုးပြီး နှစ်လကျော်အကြာတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် သကြားပြောင်းနှင့် ပြောင်းစီး (အဖြူ) မျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးထုပ်လေးထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပြောင်းဖူးအရေအတွက် ၄၀၀၀ ခန့် ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ သီးနှံအထွက်နှုန်း ကွဲပြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ပြောင်းဖူးတစ်ဖူးလျှင် လက်ကားဈေး ငွေကျပ် ၃၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ် ရှစ်သိန်းခန့် အမြတ်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ပြောင်းသီးနှံ စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း ပြောင်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မကွေး)

## နတ်တလင်းမြို့နယ် ကီလိုမာလကာသီး စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ်ရှိ ကျေးရွာများ၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မြေအမျိုးအစားမရွေး ဖြစ်ထွန်းအောင်မြင်ပြီး စိုက်ပျိုးရန်လွယ်ကူသော နှစ်ရှည်ပင် သီးနှံတစ်မျိုးဖြစ်သည့် ကီလိုမာလကာသီးကို ကုန်းကြီးကျေးရွာတွင် စီးပွားဖြစ် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြကြောင်း သိရသည်။

မျိုးအနေဖြင့် ၇–၈ လသားအရွယ်ရှိ ကီလိုမာလကာကိုင်းကူးပျိုးပင်များကို အစိုဓာတ်ကောင်းမွန်စွာရရှိသည့် ဇွန်လနှင့် ဇူလိုင်လ (မိုးဦးကာလ) များတွင် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ပင်ခြားတန်းခြား ၁၁ ပေ အကွာဖြင့် စိုက်ကေ တစ်ဧကလျှင် ကီလိုမာလကာပင် ၃၂၀ ခန့် စိုက်ပျိုးရကြောင်း၊စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ်သိန်း ၅၀ ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး တစ်နှစ်သားအရွယ်ခန့်တွင် အသီးများကိုစတင်ခူးဆွတ်နိုင်ပြီး နွေရာသီတွင်ရေလောင်း၊ ရေသွင်းခြင်းဖြင့် အပင်များကို ပြုစုပေးပါက ကီလိုမာလကာသီးများကိုတစ်နှစ်ပတ်လုံးရရှိနိုင်ကြောင်း၊ မြေအနေအထားနှင့် အပင်ဖြစ်ထွန်း အောင်မြင်မှုအပေါ် မူတည်၍ တစ်နှစ်လျှင် ကီလိုမာလကာ တစ်ပင်အတွက် ပျမ်းမျှအလုံးရေ ၁၅၀–၂၀၀ ခန့် ထွက်ရှိရာ တစ်ဧကအတွက် ပျမ်းမျှအလုံးရေ ၄၈၀၀၀ ထွက်ရှိကြောင်း၊ အကျိုးအမြတ်အဖြစ် ကီလိုမာလကာ တစ်ဧကအတွက် တစ်နှစ်လျှင် ငွေကျပ် သိန်း ၁၁၀ ခန့် ရရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် စက်တင်ဘာလ၊ တတိယပတ်တွင် ကီလိုမာလကာသီး လက်ကားဈေး တစ်လုံးလျှင် ငွေကျပ် ၃၅၀–၄၀၀ ဖြင့် ရောင်းချရပြီး ဒေသတွင်းအပြင် ကြို့ပင်ကောက်၊ ဇီးကုန်း၊ ပေါင်းတည်၊ တာပွန်မြို့များနှင့် အခြားမြို့နယ်များသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

DOCA(ပဲခူး)

## အထက်မင်းလှမြို့နယ်၏ ပဲတီစိမ်းစိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စု မယ်ဇလီတောကျေးရွာတွင် စပါး၊ နှမ်း၊ ပဲမျိုးစုံသီးနှံနှင့် စားဖိုဆောင် သီးနှံများကို စိုက်ပျိုးလျက်ရှိပြီး ပဲတီစိမ်း ဧက ၂၀ စိုက်ပျိုးထားရှိရာ ဇွန်လတွင် စတင်စိုက်ပျိုး၍ စက်တင်ဘာလတွင် ခူးဆွတ်ရကြောင်း သိရသည်။

### တင်ပို့ရောင်းချ

မျိုးအနေဖြင့် မြကြေးမုံမျိုးများကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့လေးပြည်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ ရိတ်သိမ်းခ၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၃–၁၅ တင်းခန့် ထွက်ရှိရာ မြေအနေအထားနှင့် သီးနှံအထွက်နှုန်းအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀–၆၃၀၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းခန့် အမြတ်ရရှိကြောင်း၊ ပြည်တွင်းဈေးကွက်အနေဖြင့် မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့် မန္တလေးမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ကြောင်း သိရသည်။

DOCA (မကွေး)

### ၂၃.၉.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၈၀၀၀ | - | ၁၉၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၅၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၂၅၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၄၅၀ | ၃၄၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၇၈၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၁၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၄၂၀၀ | | ၈၅၀၀ | ၂၂၀၀၀ | ၇၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | | | ၆၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၄၆၅ | ၁၂၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၁၈၅၀၀ | ၇၆၈၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၉၀၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၈၆၀၀ | ၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၇၃၀၀ | ၇၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၄၀၀၀ | ၇၂၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၇၂၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၇၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၁၂၈၀၀ | ၁၂၈၀၀ | ၁၉၈၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၀၀၀ | ၂၆၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၇၉၀၀ | ၁၄၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၇၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၄၀၀ | ၂၁၀၀၀ | ၇၈၅၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၇၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၃၃၀၀ | | ၅၈၀၀ | ၁၈၅၀၀ | ၇၈၀၀ | ၉၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၇၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၇၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၆၀၀၀ | ၇၇၅၀ | ၁၄၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၂၆၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၇၆၀၀ | ၉၅၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | | ၈၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၅၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၁၆၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၆၂၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၁၅၀၀ | ၇၇၂၀ | ၁၁၅၀၀ | ၂၄၀၀ | ၁၄၀၀၀ | ၁၇၅၀၀ | ၈၅၀၀ | ၄၄၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၅၀၀ | ၂၁၀၀၀ | ၁၉၅၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၁၅၀၀ | ၇၇၂၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၄၈၀၀ | ၆၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၅၀၀ | ၂၁၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၇၅၀၀ | ၂၃၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၁၇၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့သော ကျောင်းသား ကျောင်းသူများအတွက် ဝတ်စုံနှင့်စာရေးကိရိယာပစ္စည်းများ ထောက်ပံ့

**လွိုင်ကော် စက်တင်ဘာ ၂၃**

ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့နယ်အတွင်း ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ကူညီဆောင်ရွက်လျက်ရှိပြီး အဆိုပါစခန်းများတွင် နေထိုင်နေသော ကျောင်းသားကျောင်းသူများ၏ ပညာရေးနှောင့်နှေးမှုမရှိစေရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ပြည်နယ်ပညာရေးမှူး ကျောင်းအုပ်ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က ရေကြီးရေလျှံမှုကြောင့် ကျောင်းများကို ယာယီပိတ်ထားသော်လည်း ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူများ ကျောင်းမပျက်စေရန် အခြားစာသင်ကျောင်းများနှင့် တွဲဖက်သင်ကြားနိုင်ရန် တာဝန်ရှိသူများက ကြိုးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေဘေးဒဏ်သင့်ခဲ့သော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အခက်အခဲများကို စိစစ်ပြီး တာဝန်ရှိသူများအနေဖြင့် အဆင်ပြေစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြရန်နှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးရန် လိုကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများက ရေဘေးသင့်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များ၊ အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများကို ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အလက(၂)တွင် ယာယီတွဲဖက်၍ စာသင်ကြားလျက်ရှိသော ရေဘေးရှောင် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားပြီး သင်ကြားရေးတွင် အခက်အခဲများ မဖြစ်စေရေး  ဆရာ ဆရာမ ၃၃ ဦးနှင့် ကျောင်းသား ကျောင်းသူ ၂၈၂ ဦးအတွက် စုစုပေါင်း ငွေကျပ် ၇၄၂၁၁၅၀ တန်ဖိုးရှိ ကျောင်းဝတ်စုံများနှင့် ဗလာစာအုပ်၊ ခဲတံများ၊ သင်ရိုးညွှန်းတမ်းစာအုပ်များကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပြည်နယ်(ပြန်/ဆက်)

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်နှင့် လွိုင်လင်လေးမြို့နယ်တို့တွင် လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**



ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေးဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင် ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် သစ်ခေါက်ခွကျေးရွာရှိ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ စားသောက်ဖွယ်ရာများနှင့် တစ်အိမ်ထောင်လျှင် တစ်သောင်းကျပ်ကို ထောက်ပံ့ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)** ထို့နောက် သစ်ခေါက်ခွကျေးရွာ၊ သုခါရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကလျာန အားသွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများသည် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ သာသနာ့ဗိမာန်တော်ကြီး၊ ဥတ္တရာရုံပရိယတ္တိစာသင်တိုက်နှင့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့ပြင် စက်တင်ဘာ ၁၉ ရက်ကလည်း အဆိုပါ ရေဘေးသင့် ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရေကြီးမှု ဖြစ်ပေါ်ခဲ့သည့် မြို့နယ်များတွင် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## ပဲခူးမြစ်ရေ ပဲခူးမြို့တွင် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၃**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ရေဝင်ရောက်ခဲ့သည့် စာသင်ကျောင်းများနှင့် ကျေးရွာလမ်းပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**လယ်ဝေး စက်တင်ဘာ ၂၃**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် စက်တင်ဘာ ၂၂ ရက်က လယ်ဝေးမြို့နယ် ရေလဲပေါက်ကျေးရွာစာသင်ကျောင်း၌ လယ်ဝေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကို ဦးဆောင်၍ ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ ဝန်ထမ်းများ၊ ရဲတပ်သားသစ်သင်တန်းမှ သင်တန်းသားများစုပေါင်း၍ ရေကြီးနစ်မြုပ်ခဲ့သည့် ကျောင်းဝင်း၊ စာသင်ခန်းများအတွင်း နုန်းနှင့် အမှိုက်များ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ **(အောက်ပုံ)** ရေသန့်နှင့် မုန့်များ ပေးအပ်သည်။

ဆက်လက်၍ မြို့ရှောင်လမ်းမှ ကွမ်းခြံကျေးရွာသို့ သွားရောက်သည့်လမ်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြသည်။ မြို့ရှောင်လမ်းနှင့် ကွမ်းခြံကျေးရွာသို့ ဆက်သွယ်ထားသည့်လမ်းမှာ အရှည် ၂ မိုင်ရှိပြီး ယနေ့အထိ ၀.၄ မိုင် ပြုပြင်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)



# ဂျပန်နိုင်ငံ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌသစ် ရွေးချယ်ပွဲ

**တက္ကသိုလ်မောင်ရှုပ**

ဂျပန်နိုင်ငံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (Liberal Democratic Party–LDP) ရဲ့ ဥက္ကဋ္ဌသစ် ရွေးချယ်မှုကို စက်တင်ဘာလ ၂၇ ရက်နေ့မှာ ကျင်းပပြုလုပ်တော့မှာ ဖြစ်ပါတယ်။ အယ်လ်ဒီပီပါတီဟာ အာဏာရပါတီဖြစ်တဲ့အတွက် ရွေးချယ်ခံရတဲ့ အယ်လ်ဒီပီပါတီဥက္ကဋ္ဌဟာ ဂျပန်နိုင်ငံရဲ့ ဝန်ကြီးချုပ်လည်း ဖြစ်လာမှာ ဖြစ်ပါတယ်။ ဝန်ကြီးချုပ်အသစ်နဲ့အတူ အစိုးရအဖွဲ့သစ်ပေါ်ပေါက်လာပြီး မူဝါဒတွေလည်း အပြောင်းအလဲ ရှိကောင်းရှိလာနိုင်ပါတယ်။ ဒါကြောင့် အာဏာရအယ်လ်ဒီပီပါတီရဲ့ ဥက္ကဋ္ဌသစ်ရွေးချယ်မှုအပေါ် ဂျပန်ပြည်တွင်းမှာသာမကဘဲ နိုင်ငံတကာကလည်း အာရုံစိုက်လေ့လာနေကြပါတယ်။

**ကိုယ်စားလှယ်လောင်းတွေ ပိုမိုပေါ်ထွက်လာခဲ့**

အာဏာရအယ်လ်ဒီပီပါတီရဲ့ လက်ရှိဥက္ကဋ္ဌနဲ့ ဂျပန်နိုင်ငံရဲ့ လက်ရှိဝန်ကြီးချုပ် ဖူမီယို ကီရှီဒါဟာ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ဥက္ကဋ္ဌရွေးချယ်ပွဲမှာ အနိုင်ရရှိခဲ့ပြီး အောက်တိုဘာလ ၄ ရက်နေ့ကနေစပြီး ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်နေတာ ဖြစ်ပါတယ်။ မစ္စတာ ဖူမီယို ကီရှီဒါဟာ ၂၀၂၄ ခုနှစ် စက်တင်ဘာလ အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ ထပ်မံပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်တယ်လို့ အစောပိုင်းက ကြေညာထားရှိခဲ့ပေမယ့် ဩဂုတ်လ ၁၄ ရက်နေ့မှာတော့ သူ့အနေနဲ့ ပါဝင်ယှဉ်ပြိုင်တော့မှာ မဟုတ်ကြောင်း အတည်ပြုကြေညာခဲ့ပါတယ်။ ဒါကြောင့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌသစ်နဲ့ ဝန်ကြီးချုပ် အသစ်တစ်ဦး ပေါ်ထွက်လာဖို့ လမ်းပွင့်လာစေခဲ့ပါတယ်။ ဝန်ကြီးချုပ်ကီရှီဒါရဲ့ ကြေညာချက်ကြောင့် ကီရှီဒါ အစိုးရအဖွဲ့အတွင်းမှာ ပါဝင်နေကြတဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေအတွက်လည်း မျက်နှာနာစရာ မရှိတော့ဘဲ ဆုံးဖြတ်ချက် လွယ်ကူစေခဲ့တာကြောင့် ပါတီဥက္ကဋ္ဌရွေးချယ်ပွဲမှာ ပါဝင်ယှဉ်ပြိုင်လိုကြတဲ့ ကိုယ်စားလှယ်လောင်းတွေလည်း ပိုမိုပေါ်ထွက်လာခဲ့ပါတယ်။

လာမယ့် စက်တင်ဘာလ ၂၇ ရက်နေ့မှာ ပြုလုပ်မယ့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲဟာ ယခင်ပြုလုပ်ခဲ့တဲ့ ရွေးချယ်ပွဲတွေနဲ့ သိသာထင်ရှားတဲ့ ကွဲပြားခြားနားမှုတွေ အများကြီးရှိပါတယ်။ ဘာကြောင့် ကွဲပြားခြားနားမှုတွေ ဖြစ်ရတာလည်း ဆိုတာသိနိုင်ဖို့ ပြီးခဲ့တဲ့နှစ်တွေအတွင်း ဂျပန်နိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေး ထူးခြားဖြစ်စဉ်တွေကို ပြန်လည်လေ့လာကြည့်ဖို့လိုပါတယ်။ အဓိက



ဂျပန်နိုင်ငံ အယ်လ်ဒီပီပါတီ၏ လက်ရှိဥက္ကဋ္ဌနှင့် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်း ဩဂုတ်လ ၁၄ ရက်နေ့က ကြေညာခဲ့စဉ်။

အကျဆုံး ထူးခြားဖြစ်စဉ်နှစ်ခု ရှိခဲ့ပါတယ်။

**(က) ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး လုပ်ကြံခံရခြင်းနှင့် နောက်ဆက်တွဲဖြစ်စဉ်**

ပထမထူးခြားဖြစ်စဉ်ကတော့ ဂျပန်နိုင်ငံရဲ့ နိုင်ငံရေးလောကမှာ ထင်ရှားတဲ့ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး လုပ်ကြံခံရခြင်းနဲ့ တစ်ဆက်တည်း ထွက်ပေါ်လာတဲ့ Unification Church နဲ့ ဆက်နွှယ်နေတဲ့ ဘာသာရေးအရှုပ်တော်ပုံတွေကိစ္စ ဖြစ်ပါတယ်။ မစ္စတာ အာဘေးဟာ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့က နာရာမြို့မှာ အယ်လ်ဒီပီပါတီ ကိုယ်စားလှယ်လောင်းတွေအတွက် မဲဆွယ်စည်းရုံးဟောပြောမှုပြုလုပ်နေစဉ်မှာ အသက် ၄၁ နှစ်အရွယ် Tetsuya Yamagami ဆိုသူက အနီးကပ် သေနတ်နဲ့ ပစ်ခတ်လုပ်ကြံခဲ့တဲ့အတွက် ရရှိထားတဲ့ဒဏ်ရာတွေကြောင့် အဲဒီနေ့မှာပဲ ဆုံးပါးခဲ့ရပါတယ်။

မစ္စတာအာဘေးကို လုပ်ကြံခဲ့တဲ့ Tetsuya Yamagami က ပြောကြားရာမှာ တောင်ကိုရီးယားနိုင်ငံအခြေစိုက် ဘာသာရေးအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Family Federation for World Peace and Unification (အတိုကောက်အားဖြင့် Unification Church လို့ လူသိများတဲ့အဖွဲ့) ဟာ အဖွဲ့ဝင်တွေဆီက ရန်ပုံငွေတွေ မတရားကောက်ခံမှုပြုလုပ်တယ်။ သူ့အမေဟာ Unification Church ရဲ့ အဖွဲ့ဝင်ဖြစ်လာပြီးနောက် အလှူငွေတွေ အများအပြားထည့်ဝင်ရာမှာ အိမ်ကိုရောင်းပြီး ထည့်ဝင်တဲ့အထိ ဖြစ်လာကြောင်း၊ သူ့အဖေလည်း ဒီစိတ်နဲ့ ဆုံးပါးခဲ့ရကြောင်း၊ ဒါကြောင့် အရင်က မိသားစုဘဝ ဖူဖူလုံလုံရှိခဲ့ရာကနေ စီးပွားရေးပျက်ယွင်းပြီး သူကိုယ်တိုင်လည်း ဒုက္ခရောက်ခဲ့ရကြောင်း၊ ဒါကြောင့် Unification Church ကို ဂျပန်နိုင်ငံမှာ အခြေစိုက်နိုင်အောင် ဝန်ကြီးချုပ်ဟောင်း အာဘေးရဲ့ အဘိုးဖြစ်သူ Nobusuke Kishi က လမ်းဖွင့်ပေးခဲ့တာရယ်၊ ဝန်ကြီးချုပ်ဟောင်းအာဘေး ကိုယ်တိုင်ကလည်း Unification Church ရဲ့ ပွဲတချို့မှာ ပါဝင်မိန့်ခွန်းပြောကြားပြီး အားပေးခဲ့တာတွေကြောင့် လုပ်ကြံခဲ့တာဖြစ်ကြောင်း ထွက်ဆိုပြောကြားခဲ့ပါတယ်။

ဒီဖြစ်စဉ်ဖြစ်ပွားပြီးနောက်မှာ Unification Church နဲ့ပတ်သက်ပြီး ဂျပန်အစိုးရက စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ရာမှာ ဂျပန်ရဲ့ ထိပ်တန်းနိုင်ငံရေးသမားတွေ၊ အထူးသဖြင့် အယ်လ်ဒီပီပါတီဝင်လွှတ်တော်အမတ်ဦးရေ ၈၀ ကျော်ဟာ Unification Church နဲ့ တစ်နည်းမဟုတ်တစ်နည်းနဲ့ ပါဝင်ပတ်သက်မှုရှိနေတာတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒီ Unification Church နဲ့ဆက်နွှယ်မှု အရှုပ်တော်ပုံကြောင့် ဂျပန်ပြည်သူတွေရဲ့ အယ်လ်ဒီပီပါတီအပေါ်ထောက်ခံမှုဟာ ကျဆင်းခဲ့ရပါတယ်။ ဒီဖြစ်စဉ်တွေကြောင့် ဝန်ကြီးချုပ် ကီရှီဒါဟာ Unification Church နဲ့ ဆက်နွှယ်နေတယ်လို့ ပေါ်ထွက်လာတဲ့ အစိုးရအဖွဲ့ဝင်တွေကို ရာထူးကဖယ်ရှားပြီး အစိုးရအဖွဲ့အပြောင်းအလဲတစ်ရပ်ကို ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း ပြုလုပ်ခဲ့ရပါတယ်။

**(ခ) အယ်လ်ဒီပီပါတီ၏ နိုင်ငံရေး ရန်ပုံငွေ အရှုပ်တော်ပုံ**

ဒုတိယ ထူးခြားဖြစ်စဉ်ကတော့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှာ စတင်ပေါ်ထွက်လာခဲ့တဲ့ အယ်လ်ဒီပီပါတီရဲ့ နိုင်ငံရေးရန်ပုံငွေအရှုပ်တော်ပုံ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာ နိုင်ငံရေးပါတီတွေ၊ ပါတီတွင်းက အစုအဖွဲ့ (faction) တွေ၊ လွှတ်တော်အမတ်တွေဟာ နိုင်ငံရေးရန်ပုံငွေရှာနိုင်ဖို့အတွက် အခမ်းအနားတွေကို ပြုလုပ်ကြလေ့ရှိပါတယ်။ အခမ်းအနား တက်ဖို့ လက်မှတ်တစ်စောင်ဟာ ယန်း ၂၀၀၀၀ ခန့် ကျသင့်ပါတယ်။ ဒီအခမ်းအနား တက်ရောက်ခြင်းဖြင့် လွှတ်တော်အမတ်တွေ၊ ပါတီတွင်း အစုအဖွဲ့တွေနဲ့ နီးကပ်ခင်မင်ရင်းနှီးမှု ရနိုင်ဖို့အတွက် စီးပွားရေးကုမ္ပဏီကြီးတွေက လက်မှတ်အများအပြား ဝယ်ယူကြလေ့ရှိပါတယ်။ အခမ်းအနားတစ်ခု ပြုလုပ်ရင် လူအများအပြား တက်ရောက်ကြလေ့ရှိတဲ့အတွက် ရန်ပုံငွေ ယန်း သန်းနဲ့ချီပြီး ရရှိကြပါတယ်။ ရရှိတဲ့ငွေထဲက ကုန်ကျစရိတ်ကိုနုတ်ပြီးရင် ကျန်ရှိတဲ့အမြတ်ငွေဟာ နိုင်ငံရေးရန်ပုံငွေဖြစ်ပါတယ်။

> **"အခုတစ်ကြိမ်ပြုလုပ်မယ့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲဟာ အရင်အကြိမ်တွေနဲ့လည်း သိသာထင်ရှားစွာကွဲပြားပြီး ကိုယ်စားလှယ်လောင်းတွေ အများအပြား ပါဝင်ယှဉ်ပြိုင်ကြတာကို တွေ့ရပါတယ်။ အရင်က ပါတီတွင်းမှာ အစုအဖွဲ့ (faction) ခေါင်းဆောင်တွေရဲ့ ကြိုးကြပ်စီစဉ်ညှိနှိုင်းမှုတွေကြောင့် ကိုယ်စားလှယ်အရေအတွက်ဟာ လေးဦးမှ ငါးဦးအထိလောက်ပဲ ထွက်လာလေ့ရှိပါတယ်။ အခုအကြိမ်မှာတော့ အစုအဖွဲ့တွေအနေနဲ့ တရားဝင်ဆောင်ရွက်လို့မရတာကြောင့် ကိုယ်စားလှယ်လောင်းကိုးဦး ထွက်ပေါ်လာခဲ့ပါတယ်။ ဒီကိုယ်စားလှယ်လောင်း ကိုးဦးမှာ အမျိုးသမီး နှစ်ဦး၊ လူငယ်နိုင်ငံရေးသမား နှစ်ဦးနဲ့ ဝါရင့်နိုင်ငံရေးသမားတွေလည်း ပါဝင်နေပါတယ်"**

၂၀၂၂ ခုနှစ်အတွင်း ဝန်ကြီးချုပ် ကီရှီဒါရဲ့ ပါတီအစုအဖွဲ့ (Kishida faction) ဟာ နိုင်ငံရေးရန်ပုံငွေ ယန်း ၂၂၉ ဒသမ ၃၅ သန်း ရရှိခဲ့ရာမှာ ၈၀ ရာခိုင်နှုန်းက အခမ်းအနားတွေက ရရှိခဲ့တာ ဖြစ်ပါတယ်။ အလားတူ အယ်လ်ဒီပီပါတီရဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာ တာရို အာဆိုရဲ့ ပါတီအစုအဖွဲ့ (Aso faction) နိုင်ငံရေး ရန်ပုံငွေ ယန်း ၂၈၆ ဒသမ ၅၈ သန်း ရရှိခဲ့ရာမှာ ၈၁ ရာခိုင်နှုန်းက အခမ်းအနားတွေက ရရှိခဲ့တာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ နိုင်ငံရေးရန်ပုံငွေဥပဒေအရ ပါတီအစုအဖွဲ့တွေအနေနဲ့ နိုင်ငံရေးရန်ပုံငွေရှာဖွေပွဲ အခမ်းအနားတွေပြုလုပ်ရာမှာ တစ်နှစ်အတွင်း တစ်သီးပုဂ္ဂလိက တစ်ဦးတစ်ယောက် (သို့မဟုတ်) စီးပွားရေးကုမ္ပဏီကြီးတစ်ခုက ယန်း ၂၀၀၀၀၀ ထက်ကျော်လွန်ပြီး လက်မှတ်ဝယ်ယူခဲ့မယ်ဆိုရင် အစီရင်ခံစာမှာ တရားဝင်ထည့်သွင်းဖော်ပြသွားရမယ်လို့ သတ်မှတ်ထားပါတယ်။ နိုင်ငံရေး ပါတီအစုအဖွဲ့တွေအနေနဲ့ နိုင်ငံရေးရန်ပုံငွေဥပဒေနဲ့ညီညွတ်နေသမျှ ရန်ပုံငွေရှာဖွေမှုဟာ ပြဿနာမရှိဘူးလို့ ပြောနိုင်ပါတယ်။

စာမျက်နှာ ၁၇ သို့




အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်း ကိုးဦး။

*စာမျက်နှာ ၁၆ မှ*

သို့သော်လည်း အယ်လ်ဒီပီပါတီတွင်းမှာရှိတဲ့ အစုအဖွဲ့ ငါးဖွဲ့အနေနဲ့ နိုင်ငံရေးရန်ပုံငွေဥပဒေပါ အချက်တွေကို မလိုက်နာခဲ့ကြဖူးဆိုတဲ့ သတင်းတွေ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှာ စတင်ပေါ်ထွက်လာခဲ့ပါတယ်။ ဝန်ကြီးချုပ် ကီရှီဒါ ဦးဆောင်တဲ့ အစုအဖွဲ့ (Kishida faction)၊ အယ်လ်ဒီပီပါတီအထွေထွေ အတွင်းရေးမှူးဟောင်း Toshihiro Nikai ဦးဆောင်တဲ့ အစုအဖွဲ့ Nikai faction၊ အယ်လ်ဒီပီပါတီရဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာ တာရိုအာဆိုရဲ့ ပါတီအစုအဖွဲ့ (Aso faction)၊ အယ်လ်ဒီပီပါတီရဲ့ အထွေထွေ အတွင်းရေးမှူးဟောင်း မစ္စတာ တိုရှီမိဆု မိုတေဂီ ဦးဆောင်တဲ့ ပါတီအစုအဖွဲ့ (Motegi faction) နဲ့ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး ဦးဆောင်တဲ့ အစုအဖွဲ့ (Abe faction) တို့ဟာ ၂၀၁၂ ခုနှစ်ကနေ စတင်ပြီး နှစ်စဉ်ဆက်တိုက် နိုင်ငံရေးရန်ပုံငွေ ယန်းသန်း ၄၀ ကျော်ကို စာရင်းမှာ မဖော်ပြဘဲ ထိမ်ချန်ခဲ့ကြတယ်လို့ သတင်းတွေမှာ ဖော်ပြခဲ့ကြပါတယ်။

ဒီသတင်းတွေထွက်လာတော့ နိုင်ငံရေးပါတီ အစုအဖွဲ့တွေဟာ သူတို့ရဲ့ နိုင်ငံရေးရန်ပုံငွေ အစီရင်ခံစာတွေမှာ အမှားတွေရှိခဲ့တယ်ဆိုပြီး ပြန်လည်ပြင်ဆင်ဖို့ ဆောင်ရွက်ခဲ့ကြပါတယ်။ သို့သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ အအာဟိ ရှင်ဘွန်းသတင်းစာကြီးက ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးဦးဆောင်တဲ့ အစုအဖွဲ့ (Abe faction) ဟာ ငါးနှစ်ကာလအတွင်း ရရှိခဲ့တဲ့ နိုင်ငံရေးရန်ပုံငွေ ယန်း သန်း ၁၀၀ ကျော်ကို မဖော်ပြဘဲ ထိမ်ချန်ခဲ့တယ်လို့ ထပ်မံရေးသားဖော်ပြခဲ့ပြီးတဲ့နောက်ပိုင်း နိုင်ငံရေးအစုအဖွဲ့တွေအပေါ် စုံစမ်းစစ်ဆေးမှုတွေ စတင်ပြုလုပ်ခဲ့ပါတယ်။ ဝန်ကြီးချုပ် ကီရှီဒါကလည်း သူ့အနေနဲ့ Kishida faction ရဲ့ ခေါင်းဆောင်အဖြစ်မှ နုတ်ထွက်မယ်လို့ ကြေညာခဲ့ပါတယ်။ သို့သော်လည်း ဝန်ကြီးချုပ်အတွက် အခက်တွေ့စေခဲ့တဲ့ အချက်က Abe faction မှာ အဓိက တာဝန်ရှိသူတွေဖြစ်ကြတဲ့ Hirokazu Matsuno ဟာ အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်၊ Yasutoshi Nishimura ဟာ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးအဖြစ် ကီရှီဒါရဲ့ အစိုးရအဖွဲ့အတွင်းမှာ ပါဝင်နေခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဇင်ဘာလ ၁၄ ရက်နေ့မှာ ဝန်ကြီးချုပ် ကီရှီဒါဟာ သူတို့နှစ်ဦးအပါအဝင် ဝန်ကြီးလေးဦးနဲ့ ဒုတိယဝန်ကြီးတစ်ဦးတို့ကို ရာထူးကနေ ဖယ်ရှားခဲ့ပါတယ်။


**ကီရှီဒါဟာ ပါတီဥက္ကဋ္ဌအဖြစ် ထပ်မံပါဝင်ယှဉ်ပြိုင်မှာ မဟုတ်ဘူးလို့ ဆုံးဖြတ်ခဲ့**

ဒါ့အပြင် ဝန်ကြီးချုပ် ကီရှီဒါဟာ အယ်လ်ဒီပီပါတီအတွင်းမှာရှိတဲ့ အစုအဖွဲ့ (faction) တွေကို ဖျက်သိမ်းဖို့လည်း ညွှန်ကြားခဲ့ပါတယ်။ ဒီညွှန်ကြားချက်ကြောင့် ပါတီဒုတိယဥက္ကဋ္ဌ တာရိုအာဆိုရဲ့ Aso faction ကလွဲလို့ ကျန်အစုအဖွဲ့တွေဟာ ဖျက်သိမ်းခဲ့ကြပေမယ့် မူဝါဒရေးရာ အကြံပေးအဖွဲ့ (Policy advisory group) အဖြစ်နဲ့ ဆက်လက်ထားရှိကြပါတယ်။ ဒီလိုအစုအဖွဲ့တွေ ဖျက်သိမ်းတာကို ပါတီအတွင်း ညှိနှိုင်းတိုင်ပင်ပြီးမှ ဆောင်ရွက်ခြင်းမရှိတဲ့အတွက် ပါတီဒုတိယဥက္ကဋ္ဌ တာရိုအာဆိုနဲ့ ပါတီအထွေထွေအတွင်းရေးမှူး တိုရှီမိဆု မိုတေဂီတို့က ဝန်ကြီးချုပ်အပေါ် စိတ်ဆိုးခဲ့ကြပါတယ်။ ဒီထက်ပိုဆိုးတာက အယ်လ်ဒီပီပါတီအပေါ် ဂျပန်ပြည်သူလူထုက ပြန်လည်ယုံကြည်မှုရရှိလာစေဖို့အတွက် ရည်ရွယ်ပြီး ဝန်ကြီးချုပ် ကီရှီဒါက နိုင်ငံရေးရန်ပုံငွေဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲစေခဲ့ပါတယ်။ ပြန်လည်ပြင်ဆင်ရေးဆွဲတဲ့ ဥပဒေကြမ်းမှာ နိုင်ငံရေးရန်ပုံငွေနဲ့ပတ်သက်ပြီး ပိုမိုတင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ ပိုမိုပြင်းထန်တဲ့ အပြစ်ပေးအရေးယူမှုတွေ ထည့်သွင်းခဲ့ပါတယ်။ ပြန်လည်ပြင်ဆင်ရေးဆွဲတဲ့ ဥပဒေမူကြမ်းကို လွှတ်တော်မှာ ဥပဒေအဖြစ် အတည်ပြုချက်ရရှိစေဖို့အတွက် ဆွေးနွေးကြရာမှာ ဝန်ကြီးချုပ် ကီရှီဒါဟာ ကျန်နိုင်ငံရေးပါတီတွေရဲ့ တောင်းဆိုမှုတွေကို လိုက်လျောပေးခဲ့ပါတယ်။ ဒီအချက်ကိုလည်း အယ်လ်ဒီပီပါတီတွင်းမှာ ညှိနှိုင်းတိုင်ပင်ခြင်းမရှိဘဲ ဝန်ကြီးချုပ်တစ်ဦးတည်းရဲ့ သဘောထားနဲ့ လိုက်လျောဆောင်ရွက်ခဲ့တဲ့အတွက် မစ္စတာ တာရို အာဆို အပါအဝင် ပါတီအကြီးအကဲတွေ ဒေါသအကြီးအကျယ် ထွက်ခဲ့ကြပါတယ်။ ရလဒ်အနေနဲ့ကတော့ ဝန်ကြီးချုပ် ကီရှီဒါ ပါတီဥက္ကဋ္ဌအဖြစ် ထပ်မံပါဝင်ယှဉ်ပြိုင်မယ့်အပေါ် ပါတီတွင်းက ထောက်ခံမှုဆုံးရှုံးခဲ့တဲ့အတွက် ကီရှီဒါဟာ ပါတီဥက္ကဋ္ဌအဖြစ် ထပ်မံပါဝင်ယှဉ်ပြိုင်မှာ မဟုတ်တော့ဘူးလို့ ဆုံးဖြတ်ခဲ့ရတာ ဖြစ်ပါတယ်။

ဝန်ကြီးချုပ် ကီရှီဒါလက်ထက်မှာ ဖြစ်ပေါ်ခဲ့တဲ့ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးကို လုပ်ကြံသတ်ဖြတ်တဲ့အထိ ဖြစ်လာစေခဲ့တဲ့ Unification Church နဲ့ အယ်လ်ဒီပီပါတီဝင် လွှတ်တော်အမတ်တွေ ဆက်နွှယ်နေတဲ့ ဘာသာရေး အရှုပ်တော်ပုံရယ်၊ အယ်လ်ဒီပီပါတီတွင်းက အစုအဖွဲ့ (faction) တွေရဲ့ နိုင်ငံရေးရန်ပုံငွေထိမ်ချန်မှု အရှုပ်တော်ပုံတွေဟာ ဝန်ကြီးချုပ် ကီရှီဒါအစိုးရအဖွဲ့အပေါ် ပြည်သူလူထုရဲ့ ထောက်ခံမှုကို အနိမ့်ဆုံးအဆင့်အထိ ကျဆင်းစေခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် ဖွန်လအတွင်းမှာ ယိုမီယူရီ ရှင်ဘွန်းသတင်းစာကြီးက ကောက်ခံခဲ့တဲ့ လူထုစစ်တမ်းမှာ ကီရှီဒါအစိုးရအပေါ် လူထုထောက်ခံမှုနှုန်းဟာ ၂၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။ ဒီလိုကျဆင်းတာဟာ ၂၀၁၂ ခုနှစ် အောက်တိုဘာလမှာ ကီရှီဒါဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ပြီးနောက်ပိုင်း အနိမ့်ဆုံးအဆင့်ကို ကျဆင်းခဲ့တာ ဖြစ်ပါတယ်။



၂၀၂၂ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့က လုပ်ကြံခြင်းခံခဲ့ရသည့် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး။




၂၀၂၄ ခုနှစ် ဖွန်လ လူထုစစ်တမ်းအရ ဝန်ကြီးချုပ် ကီရှီဒါ အစိုးရအပေါ် လူထုထောက်ခံမှုမှာ အနိမ့်ဆုံးအဆင့် ၂၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ကို တွေ့ရစဉ်။

အထူးသဖြင့် နိုင်ငံရေးရန်ပုံငွေ ထိမ်ချန်ဖော်ပြမှု ဖြစ်စဉ်ဟာ ဝင်ငွေခွန်ကို စနစ်တကျ တိမ်းရှောင်မှု ဖြစ်စဉ် (Organized tax evasion scheme) အဖြစ် ပြည်သူလူထုက ရှုမြင်ကြပါတယ်။ ဒါ့အပြင် ဒီအရှုပ်တော်ပုံမှာပါဝင်ခဲ့ကြတဲ့ လွှတ်တော်အမတ်တွေကို လည်း ဥပဒေအရ အရေးယူခြင်းမရှိခဲ့တဲ့အတွက် ဥပဒေအထက်မှာရှိနေတဲ့ သူတွေလားလို့တောင် ပြည်သူလူထုက မေးခွန်းထုတ်ခဲ့ကြပါတယ်။ ဒါကြောင့် အယ်လ်ဒီပီပါတီအပေါ် ပြည်သူလူထု ယုံကြည်မှုဟာ အဆိုးရွားဆုံး ထိခိုက်ခဲ့ရပါတယ်။ အကျိုးဆက်အနေနဲ့ ၂၀၂၄ ခုနှစ် ဧပြီလမှာ ကျင်းပခဲ့တဲ့ အောက်လွှတ်တော် ကြားဖြတ်ရွေးကောက်ပွဲနဲ့ ဇူလိုင်လအတွင်း ကျင်းပခဲ့တဲ့ ဒေသန္တရအစိုးရ လွှတ်တော် ကြားဖြတ်ရွေးကောက်ပွဲတွေမှာ အယ်လ်ဒီပီပါတီဟာ ရှုံးနိမ့်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့် ၂၀၂၅ ခုနှစ်မှာ ကျင်းပပြုလုပ်မယ့် အရေးကြီးတဲ့ အောက်လွှတ်တော်ရွေးကောက်ပွဲကို ကီရှီဒါဦးဆောင်ပြီး အယ်လ်ဒီပီပါတီက ဝင်ပြိုင်ခဲ့ရင် အယ်လ်ဒီပီပါတီ အရှုံးနဲ့ရင်ဆိုင်ရနိုင်တယ်၊ အောက်လွှတ်တော်မှာ အမတ်နေရာအများစု အနိုင်ရရှိတဲ့ပါတီဟာ အာဏာရပါတီဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၀၉ ခုနှစ်မှာ ဖြစ်ခဲ့သလို အတိုက်အခံ ဒီမိုကရက်တစ်ပါတီ (DPJ) က အနိုင်ရသွားပြီး အယ်လ်ဒီပီပါတီက အတိုက်အခံပါတီ ဖြစ်သွားမှာကို ပါတီတွင်းလူကြီးပိုင်းရော လူငယ်ပိုင်းမှာပါ စိုးရိမ်ပူပန်မှုတွေရှိလာခဲ့ပါတယ်။ ဒါကြောင့် ပါတီမှာ ခေါင်းဆောင်သစ်တစ်ဦး ပေါ်ထွက်လာရေးဟာ အယ်လ်ဒီပီပါတီတွင်းက လူတွေအားလုံးအတွက် လိုအပ်ချက်ဖြစ်လာခဲ့ပါတယ်။

**ကိုယ်စားလှယ်လောင်းတွေဟာ ပါတီကို ဆန်းသစ်တဲ့ပုံစံမျိုး ဖန်တီးနိုင်မယ့်သူဖြစ်ဖို့ လိုအပ်**

အယ်လ်ဒီပီပါတီဟာ ပြည်သူလူထုရဲ့ ယုံကြည်မှုအနည်းဆုံး ရောက်ရှိနေချိန်မှာ ပါတီကို ပြုပြင်ပြောင်းလဲမှုပြုလုပ်ပြီး လူထုအမြင်မှာ အသွင်သစ်နဲ့ ပေါ်ထွက်လာစေဖို့ လိုအပ်နေတယ်လို့ ပါတီခေါင်းဆောင်ပိုင်းက ရှုမြင်နေကြပါတယ်။ ဒါကြောင့် အခုအချိန်မှာ အယ်လ်ဒီပီပါတီတွင်း တွင်တွင်ကျယ်ကျယ် ပြောဆိုလာတဲ့ အသုံးအနှုန်းတွေက ပါတီကို ပြန်လည်ဆန်းသစ်ခြင်း (Renewal) နဲ့ ပြုပြင်ပြောင်းလဲခြင်း (Change) တို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ကိုယ်စားလှယ်လောင်းတွေဟာ ပါတီကို ပြန်လည်ဆန်းသစ်တဲ့အသွင်၊ ပြုပြင်ပြောင်းလဲစေတဲ့ပုံစံမျိုး ဖန်တီးနိုင်မယ့်သူဖြစ်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် အခုတစ်ကြိမ်ပြုလုပ်မယ့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲဟာ အရင်အကြိမ်တွေနဲ့လည်း သိသာထင်ရှားစွာကွဲပြားပြီး ကိုယ်စားလှယ်လောင်းတွေ အများအပြား ပါဝင်ယှဉ်ပြိုင်ကြတာကို တွေ့ရပါတယ်။ ကိုယ်စားလှယ်အမည်စာရင်း နောက်ဆုံးပေးသွင်းရမယ့် စက်တင်ဘာလ ၁၂ ရက်နေ့မှာ ကိုးဦး အမည်စာရင်းပေးသွင်းခဲ့ပါတယ်။ အရင်က ပါတီတွင်းမှာ အစုအဖွဲ့ (faction) ခေါင်းဆောင်တွေရဲ့ ကြိုးကြိုးစိစဉ်ညှိနှိုင်းမှုတွေကြောင့် ကိုယ်စားလှယ်အရေအတွက်ဟာ လေးဦးမှ ငါးဦးအထိလောက်ပဲ ထွက်လာလေ့ရှိပါတယ်။ အခုအကြိမ်မှာတော့ အစုအဖွဲ့တွေအနေနဲ့ တရားဝင်ဆောင်ရွက်လို့မရတာကြောင့် ကိုယ်စားလှယ်လောင်းကိုးဦး ထွက်ပေါ်လာခဲ့ပါတယ်။ ဒီကိုယ်စားလှယ်လောင်း ကိုးဦးမှာ အမျိုးသမီး နှစ်ဦး၊ လူငယ်နိုင်ငံရေးသမား နှစ်ဦးနဲ့ ဝါရင့်နိုင်ငံရေးသမားတွေလည်း ပါဝင်နေပါတယ်။ ဒီကိုယ်စားလှယ်လောင်းတွေရဲ့ နိုင်ငံရေးနောက်ခံအခြေအနေနဲ့ သဘောထားတွေကို လေ့လာကြည့်ပြီး ဘယ်သူအနိုင်ရရှိနိုင်မလဲဆိုတဲ့ ဖြစ်နိုင်ခြေအလားအလာတွေကို တွက်ချက်ကြည့်နိုင်ပါတယ်။

**(၁) ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂဲရု အီရှီဘာ (Shigeru Ishiba)**

လူထုစစ်တမ်းတွေအရ ဝန်ကြီးချုပ် ကီရှီဒါရဲ့ နေရာကို ဆက်ခံဖို့ အလားအလာအကောင်းဆုံး နိုင်ငံရေးသမားတစ်ဦးကတော့ ကာကွယ်ရေးဝန်ကြီးဟောင်း မစ္စတာ ရှီဂဲရု အီရှီဘာ ဖြစ်ပါတယ်။ မစ္စတာ ရှီဂဲရု အီရှီဘာဟာ ၁၉၅၇ ခုနှစ်မှာ မွေးဖွားခဲ့ပြီး ၁၉၇၉ ခုနှစ်မှာ Keio University ကနေ ဥပဒေဘာသာရပ်နဲ့ ဘွဲ့ရရှိခဲ့ပါတယ်။ ဝန်ကြီးချုပ် ဂျူနီချီရို ကိုအီဇူမိလက်ထက်မှာ ဂျပန်ကာကွယ်ရေး အေဂျင်စီရဲ့ အကြီးအကဲအဖြစ် ၂၀၀၂ ခုနှစ်ကနေ ၂၀၀၄ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါတယ်။ ကာကွယ်ရေးအေဂျင်စီကို ကာကွယ်ရေးဝန်ကြီးဌာနအဖြစ် ၂၀၀၇ ခုနှစ်မှာ အဆင့်မြှင့်တင်ခဲ့ပြီးနောက်ပိုင်း ဝန်ကြီးချုပ် ယာဆူအို ဖူကူဒါလက်ထက်မှာ ဂျပန်ကာကွယ်ရေးဝန်ကြီးအဖြစ် ၂၀၀၇ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အထိ၊ ဝန်ကြီးချုပ် တာရို အာဆို လက်ထက်မှာ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနဲ့ ငါးလုပ်ငန်းဝန်ကြီး၊ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး လက်ထက်မှာ အယ်လ်ဒီပီပါတီရဲ့ အထွေထွေ အတွင်းရေးမှူး စတဲ့ အဆင့်မြင့်တာဝန်တွေအသီးသီး ထမ်းဆောင်ခဲ့ပါတယ်။ ဖခင်ဖြစ်သူ Jiro Ishiba ဟာလည်း ပြည်ထဲရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်တဲ့အတွက် နိုင်ငံရေးမျိုးရိုးရှိသူ တစ်ဦး ဖြစ်ပါတယ်။

မစ္စတာအီရှီဘာဟာ အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ သူပါဝင်ယှဉ်ပြိုင်သွားမယ်လို့ ဩဂုတ်လ ၂၄ ရက်နေ့က ကြေညာခဲ့ပါတယ်။ မစ္စတာ အီရှီဘာဟာ ၂၀၀၈ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၈ ခုနှစ်နဲ့

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

၂၀၂၀ ပြည့်နှစ်တွေက ပြုလုပ်ခဲ့တဲ့ အယ်လ်ဒီပီ ပါတီဥက္ကဋ္ဌရွေးချယ်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း လေးကြိမ်စလုံး အနိုင်ရရှိခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့် အခုအကြိမ်ဟာ သူ့ရဲ့ ပဉ္စမအကြိမ်မြောက် ကြိုးပမ်းအားထုတ်မှု ဖြစ်ပါတယ်။ သူက အယ်လ်ဒီပီ ပါတီရဲ့နိုင်ငံရေးမှာ အရှုပ်အရှင်းကင်းအောင် လုပ်ပြီး ပါတီအပေါ် ပြည်သူလူထုယုံကြည်မှု ပြန်လည်ရရှိအောင် လုပ်သွားမှာဖြစ်ကြောင်း၊ နိုင်ငံရေးသမားတွေ စည်းမျဉ်းစည်းကမ်းလိုက်နာဖို့ရယ်၊ နိုင်ငံရေးလုပ်တာဟာ နိုင်ငံရေးသမားတွေ အကျိုးအတွက် လုပ်တာမဟုတ်ဘူးဆိုတာ သေချာအောင်လုပ်နိုင်ခဲ့ရင် ပြည်သူတွေက နိုင်ငံရေးအပေါ် ပြန်လည်ယုံကြည်မှုရရှိလာမှာဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။

အသက် ၆၇ နှစ်အရွယ်ရှိတဲ့ မစ္စတာ ရှီဂဲရု အီရှီဘာဟာ အစိုးရအဖွဲ့နဲ့ ပါတီအတွင်းမှာ အရေးပါတဲ့ တာဝန်အမျိုးမျိုး ထမ်းဆောင်ခဲ့သူတစ်ဦး ဖြစ်တာကြောင့် အတွေ့အကြုံ များပြားကြွယ်ဝသူ တစ်ဦးဖြစ်သလို ဂျပန်ပြည်သူလူထုအကြား ရေပန်းစားသူတစ်ဦး ဖြစ်ပါတယ်။ စက်တင်ဘာလ ၂၇ ရက်နေ့ ရွေးချယ်ပွဲအတွက် လူထုစစ်တမ်းကောက်ယူမှုအကြိမ်တိုင်းမှာ ထောက်ခံမှုအများဆုံး



သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဟောင်း ရှင်ဂျီရို ကိုအိဇုမိ။

ရရှိတဲ့ ကိုယ်စားလှယ်တစ်ဦး ဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်နယ်အယ်လ်ဒီပီပါတီရုံးတွေရဲ့ ထောက်ခံမှုကိုလည်း ရရှိထားပါတယ်။ သို့သော်လည်း မစ္စတာ ရှီဂဲရု အီရှီဘာဟာ အယ်လ်ဒီပီပါတီ အစိုးရအဖွဲ့ အဆက်ဆက်မှာ ပါတီဝင်အချင်းချင်း ဝေဖန်မှုတွေ ပြုလုပ်လေ့ရှိတာကြောင့် အယ်လ်ဒီပီပါတီ လွှတ်တော်အမတ်တွေအကြားမှာတော့ လူကြိုက်နည်းပါးသူတစ်ဦး ဖြစ်ပါတယ်။

**(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဟောင်း ရှင်ဂျီရို ကိုအိဇုမိ (Shinjiro Koizumi)**

ဒုတိယအလားအလာအကောင်းဆုံး ပုဂ္ဂိုလ်တစ်ဦးကတော့ လူငယ်နိုင်ငံရေးသမားတစ်ဦးဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဟောင်း မစ္စတာ ရှင်ဂျီရို ကိုအိဇုမိ ဖြစ်ပါတယ်။ မစ္စတာ ရှင်ဂျီရို ကိုအိဇုမိဟာ ဂျပန်ဝန်ကြီးချုပ်အဖြစ် ၂၀၀၁ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့တဲ့ မစ္စတာ ဂျူနီချီရို ကိုအိဇုမိရဲ့သား ဖြစ်ပါတယ်။ ၁၉၈၁ ခုနှစ်မှာ မွေးဖွားသူဖြစ်လို့ အသက် ၄၃ နှစ်သာရှိသေးသူ လူငယ်ပိုင်းနိုင်ငံရေးသမားတစ်ဦး ဖြစ်ပါတယ်။ မစ္စတာ ရှင်ဂျီရို ကိုအိဇုမိဟာ ယိုကိုဟားမားမှာရှိတဲ့ Kanto Gakuin တက္ကသိုလ်ကနေ စီးပွားရေးဘာသာရပ်နဲ့ ဘွဲ့ရရှိခဲ့ပြီး အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်ကနေ နိုင်ငံရေးသိပ္ပံဘာသာရပ်နဲ့ မဟာဘွဲ့ ရရှိခဲ့ပါတယ်။

မစ္စတာ ရှင်ဂျီရို ကိုအိဇုမိဟာ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးလက်ထက် ၂၀၁၉ ခုနှစ်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ရှင်ဇိုအာဘေးရဲ့ နေရာကို ဆက်ခံခဲ့တဲ့ ဝန်ကြီးချုပ် ယိုရှီဟိဒေး ဆုဂ (Yoshihide Suga) လက်ထက်မှာလည်း ဆက်လက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအဖြစ် ၂၀၂၁ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါတယ်။

မစ္စတာ ရှင်ဂျီရို ကိုအိဇုမိဟာ သူ့ဖခင် မစ္စတာ ဂျူနီချီရို ကိုအိဇုမိ နိုင်ငံရေးလောက ကနေ အနားယူတော့ ဖခင်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ကာနာဂါဝါပြည်နယ်ကနေ လွှတ်တော်အမတ်အဖြစ် ၂၀၀၉ ခုနှစ်မှာ စတင်ဝင်ရောက်ယှဉ်ပြိုင်ပြီး ရွေးချယ်ခံခဲ့ရပါတယ်။ ၂၀၀၉ ခုနှစ်ဟာ အယ်လ်ဒီပီပါတီရဲ့ သမိုင်းမှာ ထူးခြားတဲ့နှစ်ဖြစ်ပါတယ်။ အဲဒီနှစ်မှာ ကျင်းပပြုလုပ်တဲ့ အောက်လွှတ်တော်ရွေးကောက်ပွဲမှာ အယ်လ်ဒီပီပါတီဟာ အတိုက်အခံ ဒီမိုကရက်တစ်ပါတီ (Democratic Party of Japan–DPJ) ကို



ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂဲရု အီရှီဘာ။

ရှုံးနိမ့်ခဲ့တဲ့အတွက် အာဏာလက်လွှတ်ဆုံးရှုံးခဲ့ပြီး အတိုက်အခံပါတီအဖြစ် ၂၀၁၂ ခုနှစ်အထိ ရပ်တည်ခဲ့ရပါတယ်။ အယ်လ်ဒီပီပါတီ အာဏာလက်လွှတ်ဆုံးရှုံးခဲ့ရချိန်မှာ အောက်လွှတ်တော်အမတ်တစ်ဦးဖြစ်လာတဲ့ မစ္စတာ ရှင်ဂျီရို ကိုအိဇုမိအနေနဲ့ သူရင်ဆိုင်ကြုံတွေ့ကျော်ဖြတ်ခဲ့ရတဲ့ စိန်ခေါ်မှုတွေဟာ အခုလက်ရှိ အယ်လ်ဒီပီပါတီ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေအတွက် များစွာအထောက်အကူဖြစ်စေမယ်လို့ ယုံကြည်ကြပါတယ်။

ဒ့ါအပြင် သူ့ရဲ့ဖခင်ဖြစ်တဲ့ ဝန်ကြီးချုပ်ဟောင်း မစ္စတာ ဂျူနီချီရို ကိုအိဇုမိ လက်ထက်မှာလည်း အယ်လ်ဒီပီပါတီကို “အမှုန့်ချေပစ်မယ်” လို့ ကြုံးဝါးပြီး နိုင်ငံရေးမဲဆွယ်ခဲ့ရာမှာ ပြည်သူလူထုရဲ့ ထောက်ခံမှုကျယ်ကျယ်ပြန့်ပြန့် ရရှိခဲ့ပါတယ်။ ဒါကြောင့် ရှင်ဂျီရို ကိုအိဇုမိ ဟာ သူ့ဖခင် မစ္စတာ ဂျူနီချီရို ကိုအိဇုမိရဲ့ စိတ်ဓာတ်မျိုးနဲ့ အယ်လ်ဒီပီ ပါတီကို ပြန်လည်ဆန်းသစ်နိုင်မယ်လို့ ပါတီဝင်အချို့က မျှော်လင့်နေကြပါတယ်။ နောက်တစ်ချက်က ရှင်ဂျီရို ကိုအိဇုမိဟာ အယ်လ်ဒီပီပါတီတွင်းမှာ မည်သည့်အစုအဖွဲ့ (faction) မှာမှ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းမရှိသူ ဖြစ်ပါတယ်။ ဒီအချက်ဟာလည်း ပါတီအစုအဖွဲ့တွေအပေါ် လူထုယုံကြည်မှု လျော့နည်းနေချိန်မှာ အားသာချက်တစ်ခု ဖြစ်ပါတယ်။

အာဘေးအစုအဖွဲ့ (Abe faction) အပေါ်မှာ ယနေ့တိုင် နိုင်ငံရေးအရ ဩဇာသက်ရောက်မှု ရှိနေဆဲဖြစ်ကြတဲ့ အသက် ၈၇ နှစ်ရှိ ဝန်ကြီးချုပ်ဟောင်း ယိုရှီရို မိုရီ (Yoshiro Mori) နဲ့ အသက် ၈၂ နှစ်ရှိ ဝန်ကြီးချုပ်ဟောင်း ဂျူနီချီရို ကိုအိဇုမိ (Junichiro Koizumi) တို့အနေနဲ့ ရှင်ဂျီရို ကိုအိဇုမိကို ထောက်ခံဖို့ရှိနိုင်ပါတယ်။ အလားတူ ဝန်ကြီးချုပ်ဟောင်း ယိုရှီဟီဒေး ဆုဂရဲ့ ထောက်ခံမှုကိုလည်း ရရှိမယ့်သူတစ်ဦး ဖြစ်ပါတယ်။ ဝန်ကြီးချုပ်ဟောင်း ယိုရှီဟီဒေး ဆုဂနဲ့ ရှင်ဂျီရို ကိုအိဇုမိတို့ နှစ်ဦးစလုံးဟာ ကာနာဂါဝါပြည်နယ်က ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်တွေ ဖြစ်ကြသလို ဂျပန်နိုင်ငံမှာ ပုဂ္ဂလိကမော်တော်ကားတွေက အငှားယာဉ်အဖြစ် လုပ်ငန်းဆောင်ရွက်ခြင်းမှ ပိတ်ပင်ထားခြင်းစနစ်ကိုပယ်ဖျက်ပြီး Ride-sharing system အသက်ဝင်နိုင်ဖို့ လွှတ်တော်အတွင်းမှာ ယိုရှီဟီဒေး ဆုဂရဲ့ ကြိုးပမ်းမှုကိုလည်း ရှင်ဂျီရို ကိုအိဇုမိက ပါဝင်ကူညီပေးလျက်ရှိတာကြောင့် ကောင်းမွန်တဲ့ ဆက်ဆံရေးရှိကြပါတယ်။ ဝန်ကြီးချုပ်ဟောင်း ယိုရှီဟီဒေး ဆုဂရဲ့ ထောက်ခံမှုကို သေချာပေါက်ရရှိမယ့်သူဖြစ်တာကြောင့် ဒီအချက်ဟာ ရှင်ဂျီရို ကိုအိဇုမိအတွက် အားသာချက်တစ်ရပ် ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

## အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့်အစမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အစမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အစမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding–MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding–SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အစမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့်အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့်အစမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## အုတ်တွင်းမြို့နယ်၌ စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်

**အုတ်တွင်း စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ပြုလုပ်ရာ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသီဟထွန်းက အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးနော်ဟိန်းက သန်းခေါင်စာရင်းဆိုင်ရာ သဘောတရားများကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် နည်းပြဆရာ ၁၀ ဦးတို့က သင်တန်းသား သင်တန်းသူ ၁၃၇ ဦးတို့ကို စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၁ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ပြီး အုတ်တွင်းမြို့နယ်အနေဖြင့် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၀၊ ကျေးရွာ ၂၃၀၊ ကောက်ကွက်ပေါင်း ၃၈၄ ကွက်၊ စာရင်းစစ် ၂၂ ဦး၊ စာရင်းကောက် ၁၁၅ ဦးတို့က တစ်အိမ်တက်ဆင်းစနစ် စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**



# "စိတ်ချင်းယှက်နွယ် ယူနန်အစီအစဉ်"ဖြင့် သာကေတမြို့နယ်အတွက် ဆိုလာလမ်းမီးနှင့် လမ်းမီးတိုင်အစုံ ၄၀ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

"စိတ်ချင်းယှက်နွယ် ယူနန်အစီအစဉ်" ဖြင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွက် ဆိုလာလမ်းမီးနှင့်လမ်းမီးတိုင်အစုံ ၄၀ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက သာကေတမြို့နယ် ၁၀/မြောက် ရပ်ကွက်ရှိ Yunnan Energy Investment သာကေတ ဓာတ်အားပေးစက်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ယူနန်ပြည်နယ်ပြည်သူ့အစိုးရ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာလျှိုးယုံ၊ မြန်မာနိုင်ငံဆိုင်ရာ ယူနန်ပြည်နယ် စီးပွားရေးရာကိုယ်စားလှယ် မစ္စတာကောင်းဝေ၊ ယူနန်ပြည်နယ် စွမ်းအင်ဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ချန်ကျယ်၊ ယူနန်ပြည်နယ် စီးပွားရေးရာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဟောင်ရီဆန်းနှင့်တာဝန်ရှိသူများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ယူနန်ပြည်နယ် စီးပွားရေးရာ ကိုယ်စားလှယ်မစ္စတာကောင်းဝေက သာကေတမြို့နယ် ၁၀/မြောက်ရပ်ကွက်ရှိ လမ်းများတွင် တပ်ဆင်အသုံးပြုနေပြီးဖြစ်သည့် ၉ မီတာအရှည်ရှိသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလမ်းမီးနှင့် လမ်းမီးတိုင်အစုံ ၄၀ နှင့် သက်ဆိုင်သည့် မှတ်တမ်းလွှာကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်)နှင့် တာဝန်ရှိသူများ၊ ယူနန်ပြည်နယ်ပြည်သူ့အစိုးရ ဒုတိယအုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ယူနန်ပြည်နယ် စီးပွားရေးရာ ကိုယ်စားလှယ်တို့နှင့် တာဝန်ရှိသူများက "စိတ်ချင်းယှက်နွယ်ယူနန် အစီအစဉ်" ဖြင့် သာကေတမြို့နယ်အတွက် ဆိုလာလမ်းမီးနှင့်လမ်းမီးတိုင်အစုံ ၄၀ လွှဲပြောင်းပေးအပ်ပွဲဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။(အပေါ်ပုံ)



"စိတ်ချင်းယှက်နွယ် ယူနန်အစီအစဉ်"စီမံကိန်း ၂၄ ခု မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ထိုအထဲ၌ ရန်ကုန်မြို့ဆိုလာလမ်းမီးတိုင်စီမံကိန်း တစ်ခု ပါဝင်ရာ ယနေ့တွင် "စိတ်ချင်းယှက်နွယ် ယူနန်အစီအစဉ်" စီမံကိန်းဖြင့် သာကေတမြို့နယ်အတွင်း ဆိုလာလမ်း မီးတိုင်အစုံ ၄၀ လှူဒါန်းခြင်းဖြစ်ကြောင်း၊ ပြည်သူများ ညဘက်သွားလာရေး လုံခြုံမှု အဆင်ပြေမှုအပြင် အစိုးရမီတာခများ သက်သာပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် တရုတ် မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ပိုမိုနက်ရှိုင်းတိုးတက်စေရန် ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ရေဘေးသင့်ဒေသမှ ပြည်သူများအား MPT ဝန်ထမ်းများစုပေါင်း၍ ထောက်ပံ့လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၃**

တိုင်ဖွန်းမုန်တိုင်းရာဂီနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးတို့ကြောင့် ရေဘေးဒဏ်သင့်ခဲ့သော ဒေသများတွင် အလှူရှင်များက နိုင်ငံတော်နှင့်အတူ ကယ်ဆယ်ကူညီရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပူးပေါင်းကူညီ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ တတိယပတ်က MPT ဝန်ထမ်းများ စုပေါင်း၍ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းတို့တွင် ငွေကြေး၊ အရေးပေါ်စားသောက်ကုန်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနသို့ မိုဘိုင်းဆက်သွယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ဒေသများဖြစ်သည့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ရေဘေးသင့်မိသားစုများအား MPT ဝန်ထမ်းများစုပေါင်း၍ အခြေခံစားသောက်ကုန် ၁၈ မျိုး၊ အဝတ်အထည်၊ ဆေးဝါးနှင့် ငွေကျပ် သိန်း ၁၀၀ကို လှူဒါန်းခဲ့ပြီး ရေဘေးသင့်ဒေသရှိ ဒေသခံပြည်သူများ အရေးပေါ်ကာလအတွင်း စဉ်ဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် MPT ဖုန်းအချင်းချင်း အခမဲ့ဖုန်းခေါ်ဆိုခွင့်၊ စာတိုပေးပို့ခွင့် (SMS) အပါအဝင် ကြိုးဖုန်းလိုင်း (၁၂) လိုင်း၊ unlimited SIM cards ၁၂ ခု၊ ဒေတာအမြန်နှုန်း 100MB ပါဝင်သော Wi-Fi လိုင်း တစ်လိုင်းတို့ကို သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနသို့ MPT မှ ပံ့ပိုးလှူဒါန်းခဲ့ကြောင်း သိရသည်။



**အောင်သန်းဦး၊ ဓာတ်ပုံ - သစ်ဆန်း**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air- FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ်သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၇ ရက် (သောကြာနေ့)ညတွင် ပြည်သူများ အပန်းပြေစေရန်အပြင် စိတ်ခွန်အားရရှိစေမည့် စိတ်ဓာတ်တက်ကြွဖွယ် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **"ပို၍လှသောမနက်ဖြန်"** တေးဂီတ ဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၇-၉-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ပို၍လှသောမနက်ဖြန်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | တေးသီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ပို၍လှသောမနက်ဖြန် | ဌာနအဆိုရှင် |
| ၂။ | ကျေးဇူးရှင်ချစ်ဖေဖေ | ပြင်ပအဆိုရှင် |
| ၃။ | ရိုးရှင်းသောဘဝ | ပြင်ပအဆိုရှင် |
| ၄။ | ပထမခြေလှမ်း | တူယှဉ်ပြိုင်ဖျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | နေ့သစ် | တူယှဉ်ပြိုင်ဖျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၆။ | ကိုယ့်ရပ်ဌာနေ | ပြင်ပအဆိုရှင် |
| ၇။ | လင်းခေးအဝင် | ဌာနအဆိုရှင် |
| ၈။ | စိတ်မညစ်နဲ့ | ပြင်ပအဆိုရှင် |
| ၉။ | ရွာသာယာ | ပြင်ပအဆိုရှင် |
| ၁၀။ | လက်တွဲညီတူ အတူတူကူ | ပြင်ပအဆိုရှင် |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ဝင်းကျော်၊ ကြည်ဝင်း၊ နေဇာဇာထွန်း
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အေးစေတီရပ် မဟာအေးစေတီဘုရား၌ ချောက်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးမင်းကို ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းသန်းနှင့် ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၂ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကျော်မိုး(ပြန်/ဆက်)



**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ၂၃ - ၉ - ၂၀၂၄ ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၂၄၅ | ၂၁၅၆၀၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၃၅၉ | ၁၂၃၃၅၅၀ |
| MCB | ၈၈၀၀ | ၈၈၀၀ | ၅ | ၄၄၀၀၀ |
| FPB | ၁၈၅၀ | ၁၈၅၀ | ၃၈၀၃၈ | ၆၈၉၇၀၃၀၀ |
| TMH | ၂၈၀၀ | ၂၈၅၀ | ၁၈၀ | ၅၀၅၅၀၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၅၅၇ | ၉၄၉၇၅၀ |
| AMATA | ၄၆၀၀ | ၄၅၀၀ | ၇ | ၃၂၀၀၀ |
| MAEX | ၃၄၅၀ | ၃၄၅၀ | ၁၀၀၀ | ၉၄၉၇၅၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၃၀ | ၁၀၉၅၀၀၀ |

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၄၁(က)စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ် (၉၃+၁၀၅)၊ မြေဧရိယာ( ၀ဒသမ၀၇၆)ဧကအား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၁-၂-၁၉၉၉) ရက်စွဲပါစာအမှတ် ၅၄၀/၅-၄/တယက(တနသ်ာရီ)အရ အိမ်ရာမြေအဖြစ် အသုံးပြုရန် ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း အမည်ဖြင့် လယ်ယာမြေကိုသတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုသောအမိန့် ခွင့်ပြုချထားပေးခဲ့သည့် မြေဧ ရိယာ အတွင်းပါဝင်ပြီး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း၏ အထွေထွေကိုယ်စားလှယ် ရရှိ သူ ဦးထင်ကျော်အောင်ထံမှ အရောင်းအဝယ် စာချုပ်အမှတ်(၁၀၅/၂၀၂၄)ဖြင့် ဦး ခင်မောင်မြင့်၊ ဒေါ်သွယ်သွယ်ထွေးတို့မှ ဝယ်ယူခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှား ဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးခင်မောင်မြင့် ၃/ဘအန(နိုင်)၀၄၄၈၈၆၊ ဒေါ်သွယ်သွယ်ထွေး ၃/ဘအန(နိုင်)၀၄၄၈၇၄ တို့မှ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာ အပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/မနူဟာ၊ ဦးပိုင်အမှတ် ၂၁၊ ဧရိယာ(၀.၁၇၄)ဧကရှိ ဒေါ်ကြည်စိန်(ပါ) ၃ ဦး (ဒေါ်ကြည်စိန်(ခ)ကြည်ကြည်စိန်၊ ဒေါ်ခင်ကြည်၊ ဦးကျော်ခင်)အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မူရင်းပျောက်ဆုံးသွားပါသဖြင့် အမည်ပေါက်သူများထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသိန်းဇော်(ဘ) ဦးအောင်ထွန်း ၉/တကန(နိုင်)၀၀၅၅၅၉မှ မြေငှားစာချုပ်ပျောက်ဆုံး ကြောင်း ကျမ်းကျိန်ဆိုချက်မှတ်ပုံတင်အမှတ်(၄၅/၂၀၂၃)နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေငှား စာချုပ် ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ မြေငှားစာချုပ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ဝန်ခံ ကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ပျောက်ဆုံးသွား သည့် မြေငှားစာချုပ်မူရင်းအားပယ်ဖျက်ပြီး ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်မိတ္တူမှန်လျှောက်ထားလာ မှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ၁၃၈၆ခုနှစ်၊ နယုန်လဆန်း(၁)ရက် (၇-၆-၂၀၂၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ(၂၈)၌ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာသာဂေါင်ရပ်ကွက်၊ ဗိုလ်မြင့်ဆွေလမ်း၊ အိမ်အမှတ်(၁၁/၄၇)နေ ဦးတင်လှိုင် ၉/ပမန(နိုင်) ၀၂၆၇၈၈-ဒေါ်စောညွန့် ၉/ပမန(နိုင်) ၀၂၆၇၈၉ တို့၏သမီးဖြစ်သူ မသီတာ ၉/ပမန(နိုင်)၁၄၄၂၉၃ သည် မိမိ၏အပြစ်များကို ဝန်ချတောင်းပန်လာသဖြင့် မိဘများမှ (၇-၆-၂၀၂၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ (၂၈)၌ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးတင်လှိုင်(ဖခင်)** | **ဒေါ်စောညွန့်(မိခင်)** |
| **၉/ပမန(နိုင်) ၀၂၆၇၈၈** | **၉/ပမန(နိုင်)၀၂၆၇၈၉** |

## ကျေးဇူးဆပ်ပါမည်

မြိတ်မြို့၊ နောက်လယ်ရပ်၊ (၁)လမ်း၊ အမှတ်(၁၀)နေ ကျွန်တော် ဦးဝင်းနိုင် ၁၂/လမတ(နိုင်) ၀၁၁၁၀၃ပိုင် "စန္ဒာထွန်း-၁၂၁"(FMD/0009/09) နှင့် "စန္ဒာထွန်း-၁၄၁(FMD/0012/09) ငါးဖမ်းရေယာဉ်(၂)စင်း၏ ဂရန်နှင့် LSA မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၂၁၉၇၈၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)၊ တိုက်(၃၀)၊ အခန်း(၁၀၄)အမည်ပေါက် ဒေါ်လုံးမှာ(၂၄- ၁-၂၀၂၁) ရက်တွင် ကွယ်လွန်သွားပြီဖြစ်၍ သားအရင်းဖြစ်သူ ဦးသိန်းဇော် ၁၂/အစန(နိုင်) ၀၉၉၂၃၆မှ တိုက်ခန်းပိုင်ဆိုင်မှု Owner Book စာအုပ်ထုတ်ယူခွင့်ပြုပါရန်သေစာရင်း မိတ္တူ၊ တရားရုံးကျမ်းကျိန်လွှာ၊ တိုက်ခန်းနှင့်ပတ်သက်၍ စာရွက်စာတမ်းများ တင်ပြလာပါသဖြင့် Owner Bookထုတ်ပေးခြင်းနှင့်ပတ်သက် ၍ ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါ သည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းများ နှင့်အညီ ပိုင်ဆိုင်မှု Owner Book စာအုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၁)၊ Grade-10မှ စောထွန်းထွန်းဝင်း၏ ဖခင် အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ စောဖောဝါး ၆/ကစန(နိုင်) ၀၅၄၇၂၉ ဖြစ်ပါကြောင်း။

**စောဖောဝါး**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၁) Grade-10မှ နော်ဟားနေမူးဖိုး၏ ဖခင် အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ စောဟီမိုး ၆/ပလန(နိုင်) ၀၂၉၅၉၀ ဖြစ်ပါကြောင်း။

**စောဟီမိုး**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရွာသစ်ပွဲကြို (၁၄)လမ်းနေ (ဘ) ဦးကျော်မင်း ၏သား မောင်အောင်ခန့်မင်း ၈/မကန(နိုင်)၂၃၈၂၆၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၇၈၉ ၀၈၀ ၇၀၁**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက(၅)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ထူးမြတ်အောင် ၏ မိခင် အမည်မှန်မှာ ဒေါ်ခိုင် ၇/ကကန(နိုင်)၀၅၀၆၈၈ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ (က)ရပ်ကွက်နေ ဦးအောင်သူထွေး-ဒေါ်နီနီဝင်းတို့၏သား ထားဝယ်မြို့၊ မဟာရွှေဂူဇာထူးကိုယ်ပိုင်အထက်တန်းကျောင်း Grade-4မှ မောင်ဖြိုးဇေယျာကိုအား မောင်ဖြိုးဇေယျာအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖြိုးဇေယျာအောင်**

**သင့်စီးပွားရေး**

**လုပ်ငန်းများ**

**အောင်မြင်ဖို့**

**မြန်မာ့အလင်း**

**သတင်းစာတွင်**

**ကြော်ငြာစို့**

## အမည်ပြောင်း

ရန်ကုန်မြို့၊ ရွှေပင်ရွှေထီး ကိုယ်ပိုင်အထက်တန်းကျောင်း ဒွါဒသမ G-12 တွင် ပညာသင် ကြားနေသော (ဘ) ဦးကျော်မြင့် ၏သမီး မဆုဆုညိမ်း အား မဆုရတီထက် ဟု ပြောင်းလဲ ခေါ်ပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/7140 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဝင်း ၇/ဝမန(နိုင်)၁၅၁၇၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## အမည်မှန်နှင့်မွေးရက်မှန်

ထားဝယ်မြို့နယ်၊ ရောင်းမော်ရွာနေ ဦးကျော်စွာထွန်း-ဒေါ်အိပြာ နိုင်တို့၏သား မူလွန်(ကနိုင်း၃) Grade-3မှ မောင်Aသူရထွန်း၏ အမည်မှန်မှာ မောင်အေသူရထွန်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၂၁-၁-၂၀၁၃) ဖြစ်ပါ ကြောင်း။

**မောင်အေသူရထွန်း**

## ဖခင်အမည်မှန်

ဦးစောနိုင်ဝင်း၏ သမီး ပုလောမြို့နယ်၊ ပဝတ်ဖျားရွာနေ အထက(၁) Grade-11မှ နော်ဂျူလီယာနား၏ အမည်မှန်မှာ နော်ဂျူလီယာနား ၆/ပလန(နိုင်) ၁၄၃၇၀၈ ဖြစ်ပါကြောင်း။

**နော်ဂျူလီယာနား**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
## မင်းဘူးမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၆

| | | |
|---|---|---|
| ဒေါ်ဂျူရီဦး(၎င်း၏အထွေထွေ ကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ဝင်းလဲ့ရီ) | နှင့် | ၁။ဒေါ်မြမြလွင် ၂။ ဦးကျော်ဝင်းနိုင် |
| တရားလို | | တရားပြိုင်များ |

မကွေးတိုင်းဒေသကြီး၊မင်းဘူးမြို့၊ အမှတ်(၂)၊ ကန်ကြီးရပ်နေ ၂။ တရားပြိုင် ဦးကျော်ဝင်းနိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဂျူရီဦး(၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲ စာရသူ ဒေါ်ဝင်းလဲ့ရီ)က သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၈ အရ တရားလိုပိုင်ဝိုင်းမြေ အတွင်း ကျူးကျော်ဝင်ရောက်၍ ဆောက်လုပ်ထားသည့် အိမ်ကိုဖျက်ပြီး ဝိုင်းမြေ အတွင်းမှ ဖယ်ရှားထွက်ခွာ၍ ဝိုင်းမြေအား တရားလို လက်ဝယ်သို့ လက်ရောက် ပေးအပ်စေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၄ရက် (၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည် ဟု အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့်သင်ကထုချေတင်ပြအ မှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရီဝေယံဖြိုး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မင်းဘူးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်) ရပ်ကွက်၊ အောင်သပြေ(၂)လမ်း၊ မြေကွက်အမှတ်(၅၅၃/ခ)ဟုခေါ်တွင် သော မြေအလျား x အနံ (၂၀ x ၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသိန်းအောင် ၁၂/သဃက(နိုင်)၀၅၈၄၃၄ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဇော်လင်းထွန်း ၁၁/အမန(နိုင်)၀၂၃၁၂၀ မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၂၀၆၆)** | **(စဉ်-၁၂၃၆၅)** | **(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့ နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်၊ အထက (ခွဲ) ဆိပ်ကလေး ကျောင်း Grade-12 အတန်းမှ မောင်သိန်းသန်းထွန်း၏ဖခင် ဦးဝင်း၏ အမည်မှန်မှာ ဦးအောင်စိန်ဝင်း ၇/ရကန(နိုင်) ၀၃၅၄၅၄ ဖြစ်ပါကြောင်း။

**ဦးအောင်စိန်ဝင်း**

## မွေးသက္ကရာဇ်အမှန်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကျွန်းဦးကျေးရွာနေ မအေးသန္တာဖြိုး၏မွေးသက္ကရာဇ်အမှန်မှာ (၁၁-၅-၂၀၀၅)ဖြစ်ပါကြောင်းနှင့် ဖခင်အမည် ဦးခင်မောင်လတ်နှင့် ဦးစန်းဝင်းတို့မှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ လမ်းပြကြယ်ကိုယ်ပိုင် အထက် တန်းကျောင်း Grade-12မှ မောင်ဝေလွင်အောင်၏ ဖခင်အမည်မှန်မှာ ဦးမောင် မောင်အောင် ၁၁/ကတန(နိုင်)၀၆၉၈၆၀ ဖြစ်ပါကြောင်း။

**ဦးမောင်မောင်အောင်**

## နိုင်ငံကူးပတ်စ်ပို့ပျောက်

ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ပေပင်လေးကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာနေ ဦးတင်လှ-ဒေါ်ခင်တင့်တို့၏သမီး မတင်မို့မို့လှိုင် ၁၄/ကကထ(နိုင်)၂၀၂၀၀၇၏နိုင်ငံကူး လက်မှတ်အမှတ် (MD-474369)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၆၇၉၇၂၁၈၉၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၆)၊ ဦးပိုင်အမှတ်(၆၇)၊ ၆၂x၆၃လမ်းကြား၊ ၁၃၁x၁၃၂လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးထွန်းအောင်၏(SP ရရှိသူ ဦးကံမြင့်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၉၇၅/၂၀၀၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွယ်နွယ်မြင့် ၉/မနမ(နိုင်)၀၀၇၀၅၁က အမှုတွဲအမှတ် (၃၈၀၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထား လာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် – ၅ ၊ နည်းဥပဒေ – ၂၀)
## မကွေးမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၇၉

| | | |
|---|---|---|
| ဦးဝင်းမောင် | နှင့် | ၁။ ဦးမျိုးသန့် ၂။ ဦးသန်းကျော်ဌေး ၃။ ဦးကျော်လင်း ၄။ ဦးအောင်ကျော်ဦး ၅။ ဦးအောင်မြင့်မိုး ၆။ ဦးကျော်ကျော် |
| (တရားလို) | | (တရားပြိုင်များ) |

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မကွေးတက္ကသိုလ်ဝင်းနေ (၂) တရားပြိုင် ဦးသန်းကျော်ဌေး (ယခုနေရပ်လိပ်စာမသိ) မကွေးမြို့၊ ကင်းကျောက်ကုန်းရပ်ကွက်နေ (၃)တရားပြိုင် ဦးကျော်လင်း (ယခုနေရပ်လိပ်စာမသိ) မကွေးမြို့၊ ကင်းကျောက်ကုန်းရပ်ကွက်နေ (၄)တရားပြိုင် ဦးအောင်ကျော်ဦး (ယခုနေရပ်လိပ်စာမသိ) မကွေးမြို့၊ တည်ဆောက်ရေး (၈) ဆည်မြောက်ဦးစီးဌာန နေ (၅) တရားပြိုင် ဦးအောင်မြင့်မိုး (ယခုနေရပ် လိပ်စာမသိ) မကွေးမြို့၊ ရန်နိုင်ရပ်၊ (၂၃)လမ်း၊ အိမ်အမှတ် (၂၃၉)နေ ၊ (၆)တရားပြိုင် ဦးကျော်ကျော် (ယခုနေရပ်လိပ်စာ မသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်"ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၇)ရက် မွန်းမတည့်မီ (၁၀)နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာ ရောက်ရမည်။ ၎င်းအပြင်အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့် မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင်တို့ကိုယ်တိုင် ရှေ့နေ လက်တွင် ထည့်ပေးလိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီနေ့ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မြတ်သူ)**
**မြို့နယ်တရားသူကြီး**
**မကွေးမြို့နယ်တရားရုံး**

## ကွာရှင်းပြတ်စဲကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ ရတနာပုံ (၃)လမ်း၊ အမှတ်(၇၇၅က)နေ ဒေါ်မြင့်မြင့်သန်းနှင့်ခင်ပွန်းဖြစ်သူ ဦးအောင် ကျော်မိုး ၁၂/ကမတ(နိုင်)၀၄၅၁၀၃တို့သည်(၁၁-၆-၂၀၂၄)ရက်တွင်လူကြီးများ ရှေ့မှောက်၌ နှစ်ဦးသဘောတူပြတ်စဲပြီး စီးပါကြောင်းနှင့် နောက်နောင်တစ်ဦး နှင့် တစ်ဦးမည်သို့မျှ ပတ်သက်ခြင်းနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်မြင့်မြင့်သန်း ၁၂/မရက(နိုင်) ၀၃၄၂၁၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေဧရိယာ(၀ဒသမ၀၅၅)ရှိ မြေကွက်အမှတ်(ပ-၃၃၆၆၃)ကိုအမည်ပေါက် ဒေါ်နီလာကျော် (ဘ)ဦးကျော်သန်း ၁၁/မဥန(နိုင်) ၀၂၅၄၇၃မှ ဒေါ်မေအေးငယ်အောင်(ဘ)ဦးမြင့်သန်းအောင် ၈/ရစက (နိုင်) ၁၇၇၂၀၄နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေ ညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊မြေရာဇဝင်လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြော်ငြာခြင်း

၁။ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ်(၂)လေယာဉ်ကွင်းအနောက်ရပ်)၊ ဦးပိုင်အမှတ် (၅/၁)၊ မြေဧရိယာ(၀.၀၉၆)ဧကရှိ မြေနေရာသည် မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၇-၁၁-၁၉၉၅)ရက်စွဲပါအမှုတွဲအမှတ် ၃၄၇-၅/၁၉၉၅-၉၆(အေ)ဖြင့် ဒေါ်လွေးအီမိုင်အမည်ဖြင့်(၂၇-၁၁-၁၉၉၅)မှ (၂၆-၁၁-၂၀၂၅)အထိ နှစ်(၃၀)မြေငှားဂရန်ချထားပေးခြင်း၊ မူဆယ်ခရိုင်တရားရုံး၏ (၂၂-၄-၂၀၂၄)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်(၁၉/၂၀၂၄)ဖြင့် ညီမဖြစ်သူ ဒေါ်လွေး အီမိုင်သည် အပျိုကြီးဘဝဖြင့်(၂-၁-၂၀၂၂)ရက်တွင်ကွယ်လွန်ကြောင်း ကျမ်းကျိန် လွှာတင်ထားပါသည်။ မူဆယ်ခရိုင်တရားရုံးမှ ဒေါ်လွေးမြအောင် အမည်ဖြင့် အမွေဆက်ခံရန်သက်သေခံလက်မှတ်ထုတ်ပေးထားသည့်မြေနေရာအား ဒေါ်လွေး မြအောင်မှ မြေငှားဂရန်အမည်ပြောင်းသက်တမ်းတိုး ချထားပေးပါရန် လျှောက်ထား တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ်(၂)လေယာဉ်ကွင်း (အနောက်ရပ်)၊ ဦးပိုင်အမှတ်(၅/၁)၊ မြေဧရိယာ(၀.၀၉၆)ဧကရှိမြေကွက်ကို ဒေါ်လွေးမြအောင် ၁၃/မဆတ(နိုင်)၀၀၁၉၂၃အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားခြင်းအား ကန့်ကွက်လိုသည့်ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများယူဆောင်၍ မူဆယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားဂရန်အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားလာ မှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ် ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူဆယ်မြို့ ။**
**ဖုန်း-၀၈၂-၅၀၅၂၁**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၂၁၊ နည်းဥပဒေ- ၂၂)**
**မော်လမြိုင်ခရိုင်တရားရုံးတော်**
**၂၀၂၀ပြည့်နှစ်၊ တရားမကြီးအမှုအမှတ်-၁၄၇ နှင့်ဆက်နွယ်သည့် ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၅**

ဒေါ်ခင်သန်းစော နှင့် ၁။ ဦးအောင်ချမ်းသာ
၂။ ဒေါ်ခင်ဆွေသက်
(တရားနိုင်) (တရားရှုံးများ)

ဒေါ်ခင်ဆွေသက်၊ အမှတ်(မရှိ)၊ မြမာလာလမ်းသွယ်၊ စက်သစ်ရပ်၊ မြို့မ(၁)ရပ်ကွက်၊ မုဒုံမြို့နယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၁၄၇ တွင် ရရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ခင်သန်းစောက လျှောက်ထားသည်ဖြစ်၍၊ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၇ရက်(၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးသီရိခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၆)၊ ဦးပိုင်အမှတ်(၄၈-ခ)၊ ၅၃x၅၄ကြား၊ ၁၁၄x၁၁၅ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်ရီ (ခ)ဦးခင်မောင်ကြည် ၉/မရမ(နိုင်) ၀၁၆၃၇၅၊ KPG-၀၁၄၈၄၃ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၅၁၅/၂ ၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ပြုံးပြုံးရီ ၅/ငဇန(နိုင်)၀၆၅၂၁၁က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ၁၈၊ ဦးပိုင်အမှတ် ၄၁၊ ၅၁X၅၂ကြား၊ ၁၀၄X၁၀၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးချစ်ရွှေ ၉/မရတ(နိုင်)၀၃၃၉၅၂၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၈၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမောင်မောင်နိုင် ၁၃/ကခန(နိုင်)၁၃၂၄၆၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၆)၊ ဦးပိုင်အမှတ်(၇၀)၊ ၅၂x၅၃ကြား၊ ၁၁၀x၁၁၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အမာချို (ခ)ဒေါ်မာချို ၉/မရတ(နိုင်) ၀၉၇၇၉၆၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၉၆၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လွင်လွင်စိုး ၁၃/လရန(နိုင်)၁၉၅၁၉၇က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(၉)၊ နန္ဒဝန်လမ်း၊ မြေကွက်အမှတ်(၅၃/က)၊ အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ဦးတင်စိန် ၁၂/မဂတ(နိုင်) ၀၄၄၃၅၃ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်း ၁၂/မရက(နိုင်) ၁၈၄၂၄၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်း ၁၂/ရပသ(နိုင်) ၁၁၅၃၇၈က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအဝဝအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်စိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၆)**
**အမှတ်(၂၁၆/ခ)၊ မန္တလေးလမ်း၊ (၆/၉)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၆၂၂၂၁၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊နည်းဥပဒေ-၂၀)**
**လှည်းကူးမြို့နယ်တရားရုံးတော်၌**
**၂၀၂၄ခုနှစ်၊ တရားမကြီးအမှုအမှတ်-၇၃**

ဦးဉာဏ်သော် နှင့် မအုန်းမြင့်သန်း
လစပခွဲ(၁)အင်းတိုင် အလံတပိုကျေးရွာ
လှည်းကူးမြို့။ လှည်းကူးမြို့။
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အလံတပိုကျေးရွာနေ တရားပြိုင်မအုန်းမြင့်သန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် ဦးဉာဏ်သော်က "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ(၁)ရက်(၁၃၈၆ခုနှစ်၊ တော်သလင်းလဆုတ် (၁၄)ရက်) နံနက်(၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာအထက် ဆိုခဲ့သည့်နေ့ရက်တွင်သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၂၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းသိမ်းကျော်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**လှည်းကူးမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၅)၊ ဦးပိုင်အမှတ်(၅၉)၊ ၆၉လမ်းပေါ်၊ ၁၁၆x၁၁၇လမ်းကြားရှိ ဦးစိန်လှ အမည်ပေါက် တောဂရန် မြေကွက်အား တရားလို ဦးကျော်ဝင်းက တရားပြိုင် ဦးစိန်လှအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၇၈/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးကျော်ဝင်း ၉/မရမ(နိုင်)၀၅၇၇၄၂က တောဂရန်၊ တရားရုံး အမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေ ရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဂရပ်ကွက်၊ အကွက်အမှတ် အ-၇၊ ဦးပိုင်အမှတ် ၃၂၊ ၆၅X၆၇ကြား၊ ၁၁၈X၁၁၉ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးပိုင် ၅/ကလတ(နိုင်)၀၁၀၅၈၇၊ ဦးသန်းဇော်လင်း ၉/ခမစ(နိုင်)၀၁၄၄၀၀တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၃၁၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလျှိုခွမ်းကောင်း ၁၃/ကခန(နိုင်)၀၈၂၂၀၁က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

